# ကြေးမုံ

**The Mirror**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ သောကြာနေ့၊ (13-11-2015) (၈၃၈၃)


## အေးစေ မြဲစေ မေတ္တာရေ

- ❁ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- ❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- ❁ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- ❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူ့နတ်အချစ်ဆုံး။
- ❁ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- ❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- ❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- ❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- ❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အမေရိကန်သမ္မတ ဘားရက်အိုဘားမား တယ်လီဖုန်းဖြင့်ဆက်သွယ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ ပြောကြား



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အမေရိကန်သမ္မတ မစ္စတာ ဘားရက်အိုဘားမား တယ်လီဖုန်းဖြင့်ဆက်သွယ်၍ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ ဆွေးနွေးပြောကြားစဉ်။ (ဓာတ်ပုံ-ဦးရဲထွဋ်ဖေ့ဘွတ်)

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်အိုဘားမားက ယနေ့ နံနက်ပိုင်းတွင် တယ်လီဖုန်းဖြင့်ဆက်သွယ်၍ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

အမေရိကန်သမ္မတက မြန်မာနိုင်ငံ၌ သမိုင်းတွင်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သဖြင့် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံအစိုးရအား ချီးကျူးဂုဏ်ပြုကြောင်း၊ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများအတွက် အသိအမှတ်ပြုကြောင်း။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

> **"မိမိတို့အနေဖြင့်လည်း သက်ဆိုင်ရာပါတီများနှင့်တွေ့ဆုံသွားရန် အစီအစဉ်ရှိပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သတ်မှတ်ကာလတွင် အစိုးရသစ်ကို နိုင်ငံ့တာဝန်များ အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်။"**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် မဖြစ်မနေ တိုးမြှင့်သုံးစွဲရန် လိုအပ်သောအသုံးစရိတ်များကို ဦးစားပေးခွင့်ပြုမည်

စာမျက်နှာ - ၃

## ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်. . .

ဆုးငှက်၏ ဆောင်းပါး စာမျက်နှာ - ၁၄




**ကြေးမုံစာတည်းရှုထောင့်** **၁၃-၁၁-၂၀၁၅၊ သောကြာနေ့**

# ကမ္ဘာ့အလယ်ဂုဏ်ယူဖွယ်

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို စည်းကမ်းရှိရှိ တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်မှာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်သမိုင်းမှတ်တိုင်အဖြစ် မှတ်တမ်းတင်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာတွင် လက်ရှိကာလသာမက ကုန်လွန်ခဲ့ပြီးသောကာလများ၌ ကျင်းပခဲ့သောရွေးကောက်ပွဲများကို ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် မတည်ငြိမ်မှုများနှင့်ပဋိပက္ခများရှိခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီဖြစ်ထွန်းစနိုင်ငံများနှင့် ဖြစ်ထွန်းပြီးနိုင်ငံများ၌ပင် နိုင်ငံရေးအရ မတည်ငြိမ်မှုများနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသောအချိန်တွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလများ၌ တည်ငြိမ်အေးချမ်းမှုရှိရုံသာမက မတူညီသောအဖွဲ့အစည်းများအတွင်း ညီညွတ်ခြင်းလက္ခဏာများကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ကောင်းလှပါသည်။

အစောပိုင်းကာလများက မြန်မာနိုင်ငံ၏နိုင်ငံရေးအခြေအနေများအပေါ်တွင် စိုးရိမ်ဖွယ်အနေအထားများဖြင့် ထင်ကြေးပေးခဲ့ကြသော်လည်း လက်တွေ့တွင်မူ အထင်နှင့်အမြင်လွဲခဲ့ကြပေသည်။ မြန်မာတို့၏ ပင်ကိုရိုးရင်းစွဲ မွန်မြတ်သည့်စိတ်ထားများ၊ ယဉ်ကျေးဖွယ်အနေအထားများ၊ မုဒိတာတရား၊ မေတ္တာတရားများနှင့် မိမိနိုင်ငံကြီး တိုးတက်ကောင်းမွန်စေလိုသော စိတ်ဆန္ဒများက ထင်မြင်ယူဆချက်အလွဲများကို ပကတိအရှိတရားများဖြင့် ဖုံးလွှမ်းနိုင်ခဲ့ပေသည်။

မြန်မာ့နိုင်ငံရေးအောင်မြင်မှုသမိုင်းမှတ်တိုင်ကို ဤသို့စိုက်ထူနိုင်ခဲ့ခြင်းမှာ နိုင်ငံသားတာဝန်ကို မှန်မှန်ကန်ကန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားမိဘပြည်သူများ၊ အောင်မြင်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သောရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသော တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မဲရုံတာဝန်ထမ်းဆောင်ခဲ့ကြသောဝန်ထမ်းများ၊ ရွေးကောက်ပွဲအထူးရဲများ၊ လေ့လာစောင့်ကြည့်မှုများ ဆောင်ရွက်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ အနိုင်အရှုံးကို ပဓာနမထားဘဲ မိမိနိုင်ငံအကျိုးစီးပွားအတွက် ဂုဏ်သိက္ခာရှိရှိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ မှန်ကန်ကောင်းမွန်သော လုပ်ဆောင်ချက်များကြောင့်ဟု ဆိုရမည်ဖြစ်သည်။

အထူးတလည်အသိအမှတ်ပြုရမည်မှာ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလများ၌ နိုင်ငံ့ခေါင်းဆောင်များ၏ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ အမြော်အမြင်ကြီးမားမှုများက နိုင်ငံအတွက်တန်ဖိုးမဖြတ်နိုင်သော ရလဒ်ကောင်းများ ပေါ်ထွက်လာရေးအတွက် အထောက်အပံ့ကောင်းများပင်ဖြစ်သည်။ ယင်းအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရန်နှင့် နိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်နိုင်ရန်အတွက် နိုင်ငံသားအားလုံး နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ အချိန်ကျရောက်နေပြီဖြစ်သည်။

နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာ၌ ပြည်သူများ၏ အမှန်တကယ်အရေးပါပုံကို လက်တွေ့မြင်သိခဲ့ရပြီဖြစ်သည်။ ပြည်သူ့ကိုယ်စားလှယ်များ၏ နိုင်ငံအတွက်ဆောင်ရွက်ချက်များမှာ အရေးကြီးသလို ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများမှာလည်း အထူးအရေးပါပါသည်။ နိုင်ငံတော်ကို စည်းကမ်းရှိစွာဖြင့် ပူးပေါင်းပါဝင်ကြရမည်။ လွဲမှားသော အယူအဆ၊ အတွေးအခေါ်များ၊ အမုန်းစကားများကို ဖယ်ရှားကာ တိုင်းပြည်ကြီးတိုးတက်စေလိုသော စေတနာကောင်းများဖြင့် လက်တွဲပါဝင်ကြရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အမှန်တကယ်ပြောင်းလဲတိုးတက်လာပါပြီ။ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို နိုင်ငံတကာကလည်း အသိအမှတ်ပြုလာပါပြီ။ နိုင်ငံတော်ကြီး ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဆက်လက်လက်တွဲဆောင်ရွက်ကြရန် နိုင်ငံသားအားလုံးအား တိုက်တွန်းအပ်ပါသည်။ ။

## နေပြည်တော်အား ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၂**


ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှု၊ နေပြည်တော်ဇုန် ဟိုတယ်လုပ်ငန်းရှင်များ အသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် နေပြည်တော်အား MICE (Meetings, Incentives, Conferences and Exhibitions) အစည်းအဝေးနှင့် ပြပွဲများ ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာမြှင့်တင်မှုဆိုင်ရာ ဆွေးနွေးပွဲနှင့် နေပြည်တော်အား လှည့်လည်သည့်ခရီးစဉ် FAM Trip အစီအစဉ်ကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ MICE ခရီးစဉ်၏အဓိပ္ပာယ်၊ MICE ခရီးစဉ်အဖြစ် ဆောင်ရွက်ရန် အဆောက်အအုံ၊ ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေး ပြည့်စုံကောင်းမွန်မှုအခြေအနေ၊ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း နေပြည်တော်ဇုန်တို့မှ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေနှင့် နေပြည်တော်အကြောင်းကို လူအများသိရှိစေရန်အတွက် Website လွှင့်တင်မှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ JICA (Japan International Cooper ation Agency) ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ကျွမ်းကျင်ပညာရှင်များအဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr. Go Kimura နှင့် Mr. Koji Morio တို့က Kempinski ဟိုတယ်၌ ကျင်းပသည့် ပုဂံရှိ ရွာများမှ လက်မှုပညာများအပေါ် လူထုအခြေပြု ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းအဖြစ် ယွန်းထည်နှင့် လက်မှုပစ္စည်းများပြသသည့် ကောင်တာဖွင့်ပွဲသို့ တက်ရောက်ကြသည်။

JICA ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူထုအခြေပြုခရီးသွားလုပ်ငန်းကို မြှင့်တင်သည့်အနေဖြင့် ပုဂံဒေသရှိ အနောက်ဖွားစောရွာမှ ယွန်းထည်ပစ္စည်းများနှင့် မြစ်ခြေ၊ သဇင်ရွာမှ ကြိမ်ထည်ပစ္စည်းများကို လက်မှုပညာရှင်များကိုယ်တိုင် ပြုလုပ်ပြသခဲ့သည်။ ယင်းပစ္စည်းများကို နိုဝင်ဘာလမှစ၍ ဖေဖော်ဝါရီလအထိ လေးလကြာ နေပြည်တော်ရှိ Kempinski ဟိုတယ်နှင့် သင်္ဂဟဟိုတယ်တို့၌ ကောင်တာဖွင့်လှစ်၍ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မိတ္ထီလာကန်ကူးတံတား ဒုတိယနှစ်လမ်းသွား ပေ ၆၀၀ ထပ်မံတိုးချဲ့ ၂၀၁၆ ဖေဖော်ဝါရီလအတွင်း ပြီးစီးအောင်တည်ဆောက်သွားမည်



**မိတ္ထီလာ နိုဝင်ဘာ ၁၂**

မိတ္ထီလာကန်ကူးတံတားဟောင်းအား ပြန်လည်ဖယ်ရှား၍ ကန်ကူးတံတား ဒုတိယနှစ်လမ်းသွား ပေ ၆၀၀ အသစ်ထပ်မံတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်ထံမှ သိရသည်။

"ဒီနေ့ မနက်ပိုင်းက စတင်ပြီးတော့ ကန်ကူးတံတားဟောင်းနေရာမှာ ကန်ကူးတံတား နှစ်လမ်းသွား ပေ ၆၀၀ ထပ်မံတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်တာပါ။ အလျားပေ ၆၀၀ ဖြစ်ပြီး လူသွားလမ်း တစ်ဖက်ခြောက်ပေစီ နှစ်ဖက် ၁၂ ပေအကျယ် ပါဝင်ပါတယ်။ ၂၀၁၆ ဖေဖော်ဝါရီလအတွင်းပြီးစီးအောင် တည်ဆောက်သွားမှာပါ။ တံတားဟောင်းနေရာ ဖယ်ရှားခြင်းလုပ်ငန်းကို စက်ယန္တရားကြီးနှစ်စီးနဲ့ စတင်ဆောင်ရွက်နေပါပြီ။ ဒီကန်ကူးတံတားဟောင်းတည်ဆောက်ပြီးစီးသွားရင် အလျား ပေ ၈၀၀၊ အကျယ်ပေ ၆၀ ကျယ်တဲ့ တံတားကြီးဖြစ်လာမှာပါ။ အနောက်ဘက် ကျောက်ပန်းတောင်းဘက်ကလာတဲ့ ချဉ်းကပ်လမ်းပေ ၂၀၀ ကိုတော့ တခြား လမ်းတာဝန်ရှိသူတွေက ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

မိတ္ထီလာကန်ကူးတံတားဟောင်းနေရာတွင် ဒုတိယနှစ်လမ်းသွား ပေ ၆၀၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက် ခြောက်ပေစီပါ ကန်ကူးတံတားထပ်မံတိုးချဲ့ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ်သန်း၂၀၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၄)မှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားအသစ် ပေ ၆၀၀ တည်ဆောက်ခြင်းလုပ်ငန်းကို ကန်ကူးတံတားဟောင်းနှင့် ကပ်လျက် ဇူလိုင်လအတွင်းက တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## အကြိုအခြေခံမီးသတ်ပညာသင်တန်း (၂/၂၀၁၅) ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၀)သစ်စက်(သန်လျင်)နှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အကြိုအခြေခံမီးသတ်ပညာသင်တန်း(၂/၂၀၁၅)ဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက အမှတ်(၁၀) သစ်စက်ခန်းမဆောင်၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ(သစ်စက်) ဦးလွင်ဦးမောင်နှင့် စက်ရုံမှူး ဦးမောင်ကိုတို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပြီး မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်(ရွှေဈေး) - ၇၅၁၅၀၀ - ၇၅၂၅၀၀၊ မန္တလေး(ရွှေဈေး) ၇၅၁၀၀၀ - ၇၅၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၇၀/၇၉၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၈၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၃. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁. ၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၈၉၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၄၆. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၂၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈. ၇၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၆. ၂၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အလယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးသွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် မဖြစ်မနေ တိုးမြှင့်သုံးစွဲရန် လိုအပ်သောအသုံးစရိတ်များကို ဦးစားပေးခွင့်ပြုမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



အဆိုပါ အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ လျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးငွေများ ခွင့်ပြုရန်လိုအပ်သည့်အခါ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါကြောင်း။

ရငွေတိုးတက်လျာထားမှုနှင့် သုံးစွဲနိုင်ခြင်းမရှိသော ဘဏ္ဍာငွေများ ပြန်လည်အပ်နှံစေခြင်းတို့ကို ဆောင်ရွက်ထားပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ မူလခန့်မှန်းခြေငွေစာရင်းရေးဆွဲစဉ်က အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၁၀၂၀ ဖြင့် လျာထားခဲ့ရာမှ ယခုဖြည့်စွက်ခွင့်ပြုငွေတောင်းခံချိန်တွင် ၁၂၈၅ ကျပ်သို့ တိုးမြှင့်လျာထားရသည့်အတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားမှုအတွက် လိုငွေကို အဓိကတောင်းခံရခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်ဝင်ငွေအဖြစ် တိုးတက်ရရှိမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေများ ပေးဆောင်ရန် တောင်းခံခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ယခုဘဏ္ဍာရေးနှစ်တွင် မိမိတို့ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် မဖြစ်မနေတိုးမြှင့်သုံးစွဲရန် လိုအပ်သော အသုံးစရိတ်များကို ဦးစားပေးခွင့်ပြုမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေကို ကြည့်ပါက ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်း၊ အမေရိကန်ဒေါ်လာတန်ဖိုးခိုင်မာမှုကြောင့် အခြားကမ္ဘာ့နိုင်ငံများနည်းတူ ပြည်တွင်းသုံးငွေတန်ဖိုးကျဆင်းခြင်း စသည့် စိန်ခေါ်မှုများကို မိမိတို့ လတ်တလောရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ထို့ပြင် လွန်ခဲ့သော ဇူလိုင်လနှင့် ဩဂုတ်လများက ဖြစ်ပွားခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အသုံးစရိတ်များသည်လည်း မိမိတို့ မလွဲမသွေ သုံးစွဲရမည့်အသုံးစရိတ်များဖြစ်ပါကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ဘတ်ဂျက်က ကျခံသုံးစွဲပေးသည့်နည်းတူ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ ပေးအပ်လာသည့် အကူအညီ အထောက်အပံ့များကိုလည်း ရရှိခဲ့ပါကြောင်း၊ ယင်းရရှိလာသည့် အကူအညီအထောက်အပံ့ရငွေများ၊ အတိုးနှုန်းသက်သာသော ချေးငွေများ၊ လှူဒါန်းငွေများ စသည့်ဘဏ္ဍာငွေအရင်းအမြစ်များကို မိမိတို့ ပြည်သူများအတွက် အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံး သုံးစွဲကြရမည်ဖြစ်ပါကြောင်း။




**ဒုတိယသမ္မတ ဦးညဏ်ထွန်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

IMF၊ World Bank တို့ ခန့်မှန်းတွက်ချက်မှုများအရ မိမိတို့နိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှု အနေအထားသည် သင့်တင့်ကောင်းမွန်သည့်အနေအထားတွင် ရှိနေပါကြောင်း၊ ယင်းအခြေအနေကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် ပြည်ပကြွေးမြီများကို စိစစ်ရယူခြင်းနှင့် ပြည်တွင်းကြွေးမြီများကို ထိန်းကျောင်းဆောင်ရွက်ခြင်းတို့ကို မလွဲမသွေ လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လိုငွေနှင့် ဂျီဒီပီအချိုးကို ငါးရာခိုင်နှုန်းဝန်းကျင်တွင် ရှိရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဌာနအဖွဲ့အစည်းများအနေဖြင့် ရငွေများကိုလျာထားသည်ထက် ပိုမိုရရှိရေး၊ သုံးငွေများကို အလေအလွင့်မရှိစေဘဲ ထိရောက်စွာသုံးစွဲရေး၊ သုံးစွဲခြင်းမပြုနိုင်သည့် ပိုလျှံငွေများ ဆောလျင်စွာ ပြန်အပ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် အထူးမှာကြားလိုပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး ရှင်းလင်းတင်ပြမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဌာနအဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများ၊ ပြည်ထောင်စုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့်ထောက်ပံ့ငွေများ၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေး၍ အတည်ပြုထောက်ခံပေးကြရန် ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအပေါ် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ပြီး ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတို့အား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်ပြောကြားရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဌာနအဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုတွင် အဓိကအားဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားမှုကြောင့် တောင်းခံရသည့် ဖြည့်စွက်ခွင့်ပြုငွေပမာဏများပြားသည်ကို တွေ့ရပါကြောင်း၊ ယခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ အမေရိကန်ဒေါ်လာဈေးနှုန်း အခြေအနေအရ နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားမှုများပြားခြင်းအပြင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရမှုနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ ကျဆင်းနေခြင်း စသည့် အခြေအနေများကြောင့် မိမိတို့နိုင်ငံ၏ မေခရိုစီးပွားရေး အဆောက်အအုံအပေါ်တွင် ရိုက်ခတ်မှုများရှိနေပါကြောင်း။

ထို့ကြောင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို မဖြစ်မနေ ပေးချေရမည့် အသုံးစရိတ်များကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလိုကြပ်မတ်စိစစ်သော်လည်း ပြုပြင်ပြီး ခန့်မှန်းခြေ၏ ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး ငါးရာခိုင်နှုန်းကျော်ရှိနေသည့်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းမှ အချိန်မီမပြီးစီးနိုင်သည့် လုပ်ငန်းစီမံကိန်းများကို ပြန်လည်အပ်နှံစေခြင်း၊ မဖြစ်မနေအသုံးစရိတ်များကိုသာ စိစစ်ခွင့်ပြုခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဌာနအဖွဲ့အစည်းများသည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံခွင့်ပြုပေးလိုက်သည့် ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြင့် အချိန်မီသုံးစွဲနိုင်ရန် စီမံခန့်ခွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားချက်အပေါ် ဖြည့်စွက်ခွင့်ပြုငွေများ ခွင့်ပြုပေးလိုက်သော်လည်း နိုင်ငံပိုင်နိုင်ငံခြားငွေဖြင့် သုံးစွဲဆောင်ရွက်ရသည့်ကိစ္စများတွင် မဖြစ်မနေသုံးစွဲရန် လိုအပ်သည့်ကိစ္စများကိုသာ သုံးစွဲရန်မိမိတို့ ဆက်လက်ကြပ်မတ်သွားမည်ဖြစ်ပါကြောင်း။

ထို့အတူ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသော ရငွေများ၊ သုံးငွေများကို အကောင်အထည်ဖော်ကြသည့်အခါ သာမန်အသုံးစရိတ်များကို စနစ်တကျ ခြိုးခြံချွေတာ၍ ထိထိရောက်ရောက်သုံးစွဲရေး၊ ငွေလုံးငွေရင်း အသုံးစရိတ်များကို ဝယ်ယူရေးဆိုင်ရာ၊ တည်ဆောက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စွာသုံးစွဲရေး၊ ဌာနတွင်းစာရင်းစစ်ဆေးသည့်စနစ်ကိုကျင့်သုံးပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးမှုကို စနစ်တကျခံယူဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်ပေးထားသော ဘတ်ဂျက်လျာထားချက်များကို စနစ်တကျသုံးစွဲဆောင်ရွက်ပြီး စီမံကိန်းရည်မှန်းချက်များကို ပြည့်မီအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

အဆိုပါ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် ရှေ့သို့ တက်လှမ်းနိုင်မည့်အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်သမ္မတကြီး၏ ရဲဝံ့စွာဖော်ဆောင်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံအတွက် ထူးခြားပြောင်မြောက်သည့် အနာဂတ်ကို ဖော်ဆောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် အစိုးရသစ်တာဝန်မယူမီ ကာလအတွင်း လိုအပ်သည်များကို မြန်မာနိုင်ငံအစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများ၏ တည်ငြိမ်အေးချမ်းမှုနှင့် ချမ်းသာကြွယ်ဝမှုအတွက်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတကလည်း နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအလွန် ကြားကာလများတွင် တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် အထူးအရေးကြီးကြောင်း၊ မိမိတို့အနေဖြင့်လည်း သက်ဆိုင်ရာပါတီများနှင့် တွေ့ဆုံသွားရန် အစီအစဉ်ရှိပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သတ်မှတ်ကာလတွင် အစိုးရသစ်ကို နိုင်ငံ့တာဝန်များ အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပေးအပ်သွားမည်ဟု ပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**



# လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

**၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အပေါ်ပုံ)

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လာမည့် နိုဝင်ဘာ ၁၆ ရက်တွင် ပထမအကြိမ် လွှတ်တော်များ၏ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်း၊ ယခု ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဦးစားပေးဆောင်ရွက်သွားရန်ရှိကြောင်း၊ ထို့ပြင် အရေးကြီးသည့် ဥပဒေများကို ဦးစားပေးအလိုက် ရရှိသည့်အချိန်ပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးကျင်းပရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်ကြသူများ၏ အထွေထွေဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက (၁၃)ကြိမ်မြောက် လွှတ်တော်အစည်းအဝေးများ ကျင်းပမှုကို မြန်မာ့ရုပ်/သံနှင့် SKY NET ရုပ်/သံ လွှတ်တော်လိုင်းများမှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသရေး၊ လွှတ်တော်အစည်းအဝေးခန်းမများအတွင်း အသံစနစ်နှင့် ဆန္ဒမဲပေးစနစ်များ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

✪ ကျောဖုံးမှ

"ဟိုတုန်းက ပြည်တော်သာအိမ်ရာပါ။ တိုက်ခုနစ်လုံးရှိတယ်။ တိုက်ဟောင်းကနေ တိုက်သစ်စီမံကိန်းအရ (၅၁)လမ်းအိမ်ရာပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းဆိုပြီး အကောင်အထည်ဖော်ခဲ့တာပါ။ နှစ်နှစ်စီမံကိန်းပါ။ နှစ်နှစ်အတွင်းပြီးသွားလို့ မူလနေထိုင်သူတွေကို ကွန်ဒိုနှစ်ခုပေါင်းရင် အခန်းပေါင်း ၂၂၄ ခန်းက အခန်းသော့တွေပေးသွားမှာပါ" ဟု မဟာနဝရတ်မြေမိသားစု ဆောက်လုပ်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောသည်။

အသစ်တည်ဆောက်ပြီးစီးသွားသည့် (၅၁)လမ်း ကွန်ဒိုမီနီယံ နှစ်ခုလုံးတွင် အထပ်အားဖြင့် ၁၂ ထပ်ခွဲရှိပြီး အောင်မြင်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီမှဆောက်လုပ်သည့် ကွန်ဒိုတွင် အခန်းပေါင်း ၁၉၇ ခန်းပါဝင်ကာ မဟာနဝရတ်မြေမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီမှဆောက်လုပ်သည့် ကွန်ဒိုတွင် အခန်းပေါင်း ၁၈၁ ခန်းပါဝင်ကြောင်း၊ မူလပိုင်ရှင်များအား ပထမထပ်နှင့် စတုတ္ထထပ်တို့တွင် အခန်းများ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကွန်ဒိုများဆောက်လုပ်ရာတွင် အရည်အသွေးပိုင်းနှင့် ကြံ့ခိုင်မှုအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝါရင့်ကျွမ်းကျင်အင်ဂျင်နီယာများပါဝင်သည့် အဖွဲ့မှ စစ်ဆေးမှုများ ပုံမှန်ပြုလုပ်ခဲ့ပြီး နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ထားကြောင်း သိရသည်။

"တိုက်ဟောင်းတွေ ဖျက်တုန်းကလည်း ဆောက်လုပ်ရေးကုမ္ပဏီတွေက မူလနေခဲ့တဲ့သူတွေကို အပြင်မှာအိမ်ငှားနေဖို့နဲ့ ပြောင်းရွှေ့ဖို့ စရိတ်ကအစ ပေးခဲ့ပါတယ်။ ဒီကို ပြန်ပြောင်းတော့လည်း လိုအပ်တာကို စီစဉ်ပေးခဲ့ပါတယ်။ အခုလည်း လာနေနေကြပါပြီ။ အခုဟာက အခန်းသော့အပ်တဲ့ အခမ်းအနားလုပ်မှာပါ"ဟု အောင်မြင်ပြည့်စုံ ဆောက်လုပ်ရေး ကုမ္ပဏီမှ ကိုကောင်းထက်မော်က ပြောသည်။

ရန်ကုန်မြို့တွင် နှစ်နှစ်အတွင်း အောင်မြင်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အဆိုပါ (၅၁)လမ်း အိမ်ရာသစ် စီမံကိန်းတွင် အိမ်ရာနေထိုင်သူများ အပန်းဖြေအနားယူရန်အတွက် ဆဋ္ဌမထပ်နှင့် သတ္တမထပ်တို့တွင် ကလေးကစားကွင်း၊ သီချင်းသီဆိုနိုင်သည့် ကာရာအိုကေခန်း၊ ကော်ဖီဆိုင်၊ ဘိလိယက်ကစားရန် ဘိလိယက်ခုံများ၊ ရုံးခန်းဖွင့်လှစ်သူများအတွက် အစည်းအဝေးခန်းမ၊ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ခန်းမ၊ အနားယူအပန်းဖြေရန် ရေကန်ငယ်များ၊ မျက်မမြင်အနှိပ်ခန်းများလည်းပါဝင်ပြီး ဓာတ်လှေကားများ၊ ကျယ်ဝန်းသော ကားပါကင်များ၊ ကျယ်ဝန်းသော အခန်းဖွဲ့စည်းမှုများအပြင် ရန်ကုန်မြို့၏ အထင်ကရ တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ကျိုက်ခေါက်နှင့် ရန်ကုန်မြစ်၏ အလှအပများကိုလည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၈၂/၂၀၁၅)

**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၆၁၆၄<br>ဗိုလ်မှူး အောင်မြင့်ဟန် | (အစား) | ကြည်း ၃၅၄၅၃<br>ဗိုလ်မှူး ကိုကိုနိုင် |
| (၂) | ကြည်း ၂၅၃၀၉<br>ဗိုလ်မှူး တိုးမင်းထွန်း | (အစား) | ကြည်း ၃၈၄၈၀<br>ဗိုလ်မှူး ဝင်းနိုင်ဦး |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီကပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ်ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၂-၁၁-၂၀၁၅) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ(၂)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းထုတ်ဝေခွင့် (၂)ဦး၊ အထွေထွေထုတ်ဝေခွင့် (၆) ဦး ပေါင်းလုပ်ငန်းအသစ် (၈)ဦးနှင့် သတင်းအေဂျင်စီ (၁)ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက်သက်တမ်းတိုး (၁၀၃၇)ဦးနှင့် အသစ်လျှောက်ထားသူ(၂၄၈)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး(၉၉၀)နှင့် အသစ်လျှောက်ထားသူ(၆၃၁)ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ (၂၁) ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် (၂၉၂၇) စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ (၁) ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ (၂) ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ရလဒ်များ ထုတ်ပြန်ကြေညာခြင်းကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာ၌ ယနေ့နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဆက်လက်ထုတ်ပြန်ကြေညာသည်။

ယနေ့နံနက် ၉ နာရီမှ ည ၉ နာရီအထိ ထုတ်ပြန်ကြေညာချက်များအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၀ ဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးတို့၏ အမည်စာရင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် ယနေ့ည ၉ နာရီအထိ ထုတ်ပြန်ကြေညာခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၇၄ ဦးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၁၇ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၂၈ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ "ဝ" ဒီမိုကရက်တစ်ပါတီမှတစ်ဦး၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှတစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၂ ဦး၊ ရခိုင်အမျိုးသားပါတီမှ လေးဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှသုံးဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှသုံးဦး၊ လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှတစ်ဦးတို့ဖြစ်သည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၃၃ ဦးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၁၀ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှနှစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှသုံးဦး၊ မွန်အမျိုးသားပါတီမှတစ်ဦး၊ ရခိုင်အမျိုးသားပါတီမှနှစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီမှတစ်ဦး၊ တအာင်း(ပလောင်)အမျိုးသားပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှတစ်ဦးတို့ဖြစ်သည်။

တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၄၉၄ ဦးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၃၈၂ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၅၄ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ "ဝ"ဒီမိုကရက်တစ်ပါတီမှနှစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ သုံးဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၆ ဦး၊ ကရင်ပြည်သူ့ပါတီမှတစ်ဦး၊ မွန်အမျိုးသားပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ သုံးဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှတစ်ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)မှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ခြောက်ဦး၊ တအာင်း (ပလောင်)အမျိုးသားပါတီမှ ခြောက်ဦး၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ တစ်ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ တစ်ဦး၊ "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှတစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

**(ယမန်နေ့မှ အဆက်)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၁၇။ | ကချင်ပြည်နယ် | ဗန်းမော် | ဦးအောင်သိန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၉၀၄၂ |
| ၂၁၈။ | ကချင်ပြည်နယ် | ပူတာအို | ဦးမိုးရွှေ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၁၅၂၉ |
| ၂၁၉။ | ကရင်ပြည်နယ် | ကော့ကရိတ် | ဦးစိုးငွေ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၁၇၂၈ |
| ၂၂၀။ | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး | ဦးစောတင်ဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၁၅၅၁ |
| ၂၂၁။ | ချင်းပြည်နယ် | ဖလမ်း | ဒေါက်တာဆလိုင်းရီယန်းဝဲလ်(ခ)ဆလိုင်းရန်းဗယ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၃၄၈၇ |
| ၂၂၂။ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော် | ဒေါက်တာခင်မောင်သင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၇၇၁၇ |
| ၂၂၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင် | ဦးအောင်စိုး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၅၃၀၉ |
| ၂၂၄။ | ပဲခူးတိုင်းဒေသကြီး | ဒိုက်ဦး | ဦးဘုန်းမြင့်အောင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၈၅၂၅ |
| ၂၂၅။ | ပဲခူးတိုင်းဒေသကြီး | နတ်တလင်း | ဦးခင်အေး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၉၆၅၈ |
| ၂၂၆။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကိုင် | ဒေါက်တာကြည်မိုမို့လွင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၈၉၅၂ |
| ၂၂၇။ | မန္တလေးတိုင်းဒေသကြီး | ညောင်ဦး | ဦးစော | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၉၈၉၇၈ |
| ၂၂၈။ | မန္တလေးတိုင်းဒေသကြီး | သာစည် | ဦးသန်းစိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅၉၈၃၇ |
| ၂၂၉။ | မွန်ပြည်နယ် | ရေး | ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၃၀၄၀၆ |
| ၂၃၀။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး | ဦးသိန်းတန် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၆၆၅၃ |
| ၂၃၁။ | ရန်ကုန်တိုင်းဒေသကြီး | ရွှေပြည်သာ | ဦးညဏ်လင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၀၄၁၂၉ |
| ၂၃၂။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ဦးကျော်ဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၇၃၇၈ |
| ၂၃၃။ | ရန်ကုန်တိုင်းဒေသကြီး | ဆိပ်ကြီး/ခနောင်တို | ဦးတင်ထွန်းနိုင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၈၃၉၂ |
| ၂၃၄။ | ရှမ်းပြည်နယ် | ဟိုပုန်း | ဦးခွန်အောင်ကျော် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၃၅၇၄၆ |
| ၂၃၅။ | ရှမ်းပြည်နယ် | ဆီဆိုင် | ဦးခွန်သန်းထူး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၄၅၂၄၄ |
| ၂၃၆။ | ရှမ်းပြည်နယ် | နမ့်စန် | ဦးငွေလွင်(ခ)ဦးဒီလုံး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၄၂၁၁ |
| ၂၃၇။ | ရှမ်းပြည်နယ် | လားရှိုး | ဒေါက်တာ စိုင်းမောက်ခမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၀၉၀၉ |
| ၂၃၈။ | ရှမ်းပြည်နယ် | သီပေါ | ဦးစိုင်းသန့်ဇင် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၄၇၁၀၅ |
| ၂၃၉။ | ရှမ်းပြည်နယ် | မန်တုံ | ဒေါ်နန်းမိုး | တအာင်း(ပလောင်) အမျိုးသားပါတီ | ၁၀၄၄၃ |
| ၂၄၀။ | ရှမ်းပြည်နယ် | မိုင်းခတ် | ဦးစဲကီကော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၄၀၃ |
| ၂၄၁။ | ရှမ်းပြည်နယ် | မိုင်းပျဉ်း | ဦးစိုင်းထွန်းစိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၇၅၈၀ |
| ၂၄၂။ | ရှမ်းပြည်နယ် | တာချီလိတ် | ဦးငွေဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၃၀၀၄၀ |
| ၂၄၃။ | ရှမ်းပြည်နယ် | မိုင်းဖြတ် | ဦးလင်းဇော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၇၁၀၅ |

စာမျက်နှာ ၉ သို့❐

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

**(ယမန်နေ့မှ အဆက်)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရအမျိုးသား လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၈၄။ | ကချင်ပြည်နယ် | အမှတ်(၄) | ဦးနောင်နဂျတန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၇၃၁ |
| ၈၅။ | ကချင်ပြည်နယ် | အမှတ်(၆) | ဦးမင်းဆွေနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၇၉၈ |
| ၈၆။ | ကချင်ပြည်နယ် | အမှတ်(၇) | ဦးဝင်းဇော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၁၀၈ |
| ၈၇။ | ကချင်ပြည်နယ် | အမှတ်(၈) | ဒေါက်တာခင်မကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၅၈၀ |
| ၈၈။ | ကချင်ပြည်နယ် | အမှတ်(၁၀) | ဦးသိန်းလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၀၆၅ |
| ၈၉။ | ကချင်ပြည်နယ် | အမှတ်(၁၁) | ဒေါက်တာခွန်ဝင်းသောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၉၈၅ |
| ၉၀။ | ကရင်ပြည်နယ် | အမှတ်(၅) | ဦးစိုင်းသန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၆၆၀ |
| ၉၁။ | ကရင်ပြည်နယ် | အမှတ်(၆) | ဒေါ်နန်းနီနီအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၅၀၀ |
| ၉၂။ | ကရင်ပြည်နယ် | အမှတ်(၉) | ဦးစောဘီစံသိန်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၆၂၄ |
| ၉၃။ | ကရင်ပြည်နယ် | အမှတ်(၁၀) | ဒေါက်တာမျိုးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၁၃၆ |
| ၉၄။ | ကရင်ပြည်နယ် | အမှတ်(၁၁) | ဒေါ်နော်ဆာမူထူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၄၃၄ |
| ၉၅။ | ကရင်ပြည်နယ် | အမှတ်(၁၂) | ဦးစောယှားဖောင်အွာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၈၀၅ |
| ၉၆။ | ချင်းပြည်နယ် | အမှတ်(၄) | ဦးဇုန်လှယ်ထန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၃၉၃ |
| ၉၇။ | ချင်းပြည်နယ် | အမှတ်(၇) | ဒေါ်ကျိန်ငိုက်မန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၃၄၇ |
| ၉၈။ | ချင်းပြည်နယ် | အမှတ်(၉) | ဒေါ်ခင်ဆွေလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၇၆ |
| ၉၉။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၁၁) | ဦးညီညီထွေး(ခ) ဦးကိုကိုလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၈၉၄ |
| ၁၀၀။ | မွန်ပြည်နယ် | အမှတ်(၇) | ဦးနိုင်သီဟ | မွန်အမျိုးသားပါတီ | ၁၀၈၃၂ |
| ၁၀၁။ | မွန်ပြည်နယ် | အမှတ်(၈) | ဦးမျိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၀၇၇ |
| ၁၀၂။ | မွန်ပြည်နယ် | အမှတ်(၉) | ဒေါက်တာဇော်လင်းထွဋ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၁၃၆၀ |
| ၁၀၃။ | မွန်ပြည်နယ် | အမှတ်(၁၀) | ဦးစိုးသီဟ(ခ) မောင်တူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၀၄၉ |
| ၁၀၄။ | ရခိုင်ပြည်နယ် | အမှတ်(၁) | ဦးဝေစိန်အောင် | ရခိုင်အမျိုးသားပါတီ | ၄၅၀၈၇ |
| ၁၀၅။ | ရခိုင်ပြည်နယ် | အမှတ်(၇) | ဦးကျော်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၀၈၇ |
| ၁၀၆။ | ရခိုင်ပြည်နယ် | အမှတ်(၈) | ဦးကျော်ကျော်ဝင်း | ရခိုင်အမျိုးသားပါတီ | ၅၅၁၉ |
| ၁၀၇။ | ရှမ်းပြည်နယ် | အမှတ်(၁) | ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၆၉၁၉ |
| ၁၀၈။ | ရှမ်းပြည်နယ် | အမှတ်(၂) | ဦးစိုင်းထွန်းအောင် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၉၁၃၄ |
| ၁၀၉။ | ရှမ်းပြည်နယ် | အမှတ်(၃) | ဦးစိုင်းဝမ်းလှိုင်းခမ်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆၅၃၆၄ |
| ၁၁၀။ | ရှမ်းပြည်နယ် | အမှတ်(၄) | ဦးစိုင်းအုန်းကျော် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၀၃၂၄၇ |
| ၁၁၁။ | ရှမ်းပြည်နယ် | အမှတ်(၅) | ဦးစိုင်းဆာလူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၀၇၆၃ |
| ၁၁၂။ | ရှမ်းပြည်နယ် | အမှတ်(၆) | ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၄၉၂၆ |
| ၁၁၃။ | ရှမ်းပြည်နယ် | အမှတ်(၈) | ဒေါ်မမလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၀၃၃၄ |
| ၁၁၄။ | ရှမ်းပြည်နယ် | အမှတ်(၉) | ဦးခွန်သိန်းဖေ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ | ၁၅၀၆၀၁ |
| ၁၁၅။ | ရှမ်းပြည်နယ် | အမှတ်(၁၀) | ဦးမိုင်းအုဏ်းခိုင် | တအာင်း(ပလောင်) အမျိုးသားပါတီ | ၃၇၅၄၅ |
| ၁၁၆။ | ရှမ်းပြည်နယ် | အမှတ်(၁၂) | ဦးစိုင်းစံအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၇၉၉၉ |

စာမျက်နှာ ၉ သို့○

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှအဆက်)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၃၂၉။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ(၁) | ဒေါက်တာညီမင်းဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၈၇၂ |
| ၃၃၀။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ(၂) | ဒေါက်တာကျော်ဦး(ခ) အောင်ကျော်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၂၀၇ |
| ၃၃၁။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ(၁) | ဦးအောင်ရွှေ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ၂၅၅၅၁ |
| ၃၃၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ(၂) | ဒေါက်တာစိုးသန်း(ခ) ကျော်စိုးသန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၂၇၅ |
| ၃၃၃။ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံ(၁) | ဦးချမ်းမြေ့ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၅၈၇ |
| ၃၃၄။ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံ(၂) | ဦးခင်မောင်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၈၆၉၆ |
| ၃၃၅။ | မန္တလေးတိုင်းဒေသကြီး | ငါန်းဇွန်(၁) | ဒေါ်သဲစုဝေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၉၃၉ |
| ၃၃၆။ | မန္တလေးတိုင်းဒေသကြီး | ငါန်းဇွန်(၂) | ဦးကျော်စိုးနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၅၉၃ |
| ၃၃၇။ | မွန်ပြည်နယ် | ချောင်းဆုံ(၁) | ဒေါက်တာအောင်နိုင်ဦး | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | ၉၅၀၇ |
| ၃၃၈။ | မွန်ပြည်နယ် | ချောင်းဆုံ(၂) | ဒေါ်ကြည်ကြည်မြ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၄၇၅ |
| ၃၃၉။ | မွန်ပြည်နယ် | သထုံ(၁) | ဒေါ်ခိုင်ခိုင်လဲ့ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၀၂၇ |
| ၃၄၀။ | မွန်ပြည်နယ် | သထုံ(၂) | ဦးအောင်ကျော်သူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၃၈၃ |
| ၃၄၁။ | မွန်ပြည်နယ် | ပေါင်(၁) | ဦးထွန်းမင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၆၇၉ |
| ၃၄၂။ | မွန်ပြည်နယ် | ပေါင်(၂) | ဦးဇော်ဇော်ထူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၄၁၇ |
| ၃၄၃။ | ရန်ကုန်တိုင်းဒေသကြီး | သဃ်န်းကျွန်း(၁) | ဦးနေမျိုးကျော်(ခ) နေဘုန်းလတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၁၄၅ |
| ၃၄၄။ | ရန်ကုန်တိုင်းဒေသကြီး | သဃ်န်းကျွန်း(၂) | ဦးမောင်မောင်ဦး(ခ) ဦးထိပ်တင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၅၉၅ |
| ၃၄၅။ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင်(၁) | ဦးနေလင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၇၉၆ |
| ၃၄၆။ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင်(၂) | ဦးအောင်နိုင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၀၁၁ |
| ၃၄၇။ | ရန်ကုန်တိုင်းဒေသကြီး | ခရမ်း(၁) | ဦးလှတိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၆၂၁ |
| ၃၄၈။ | ရန်ကုန်တိုင်းဒေသကြီး | ခရမ်း(၂) | ဦးသိန်းဇော်လတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၄၁၄ |
| ၃၄၉။ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း(၁) | ဦးရန်ရှင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၉၅၁ |
| ၃၅၀။ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း(၂) | ဒေါ်မိုးမိုးစုကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၃၂၈ |
| ၃၅၁။ | ရှမ်းပြည်နယ် | တောင်ကြီး(၁) | ဦးခွန်ရဲထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၂၇၄၂ |
| ၃၅၂။ | ရှမ်းပြည်နယ် | တောင်ကြီး(၂) | ဦးခွန်သူရအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၅၅၅၅ |
| ၃၅၃။ | ရှမ်းပြည်နယ် | ရပ်စောက်(၁) | ဦးအောင်ကျော်ညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၉၈၉၈ |
| ၃၅၄။ | ရှမ်းပြည်နယ် | ရပ်စောက်(၂) | ဦးစိုင်းလုံကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၁၄၀၇ |
| ၃၅၅။ | ရှမ်းပြည်နယ် | လွိုင်လင်(၁) | ဦးခွန်ဒီဂေါလ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉၇၄၉ |
| ၃၅၆။ | ရှမ်းပြည်နယ် | လွိုင်လင်(၂) | ဒေါ်နန်းမြထွေး | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၆၈၂၇ |
| ၃၅၇။ | ရှမ်းပြည်နယ် | ကွန်ဟိန်း(၁) | ဦးစိုင်းစံထွန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၂၅၂၂ |
| ၃၅၈။ | ရှမ်းပြည်နယ် | ကွန်ဟိန်း(၂) | ဦးစိုင်းအောင်ကျော်ဦး | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၅၉၅၆ |
| ၃၅၉။ | ရှမ်းပြည်နယ် | သိန္နီ(၁) | ဒေါ်နန်းခင်ထားရီ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၄၅၈၈ |
| ၃၆၀။ | ရှမ်းပြည်နယ် | သိန္နီ(၂) | ဦးစိုင်းစိန်လူ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၄၄၅၄ |
| ၃၆၁။ | ရှမ်းပြည်နယ် | နမ္မတူ(၁) | ဦးတင်လှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၅၂ |
| ၃၆၂။ | ရှမ်းပြည်နယ် | နမ္မတူ(၂) | ဒေါ်နန်းစံဟွမ် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၆၈၁၄ |
| ၃၆၃။ | ရှမ်းပြည်နယ် | မိုးမိတ်(၁) | ဒေါ်ရီရီဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၅၅၈ |
| ၃၆၄။ | ရှမ်းပြည်နယ် | မိုးမိတ်(၂) | ဦးဆွေသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၆၉ |
| ၃၆၅။ | ရှမ်းပြည်နယ် | ကွမ်းလုံ(၁) | ဒေါက်တာမျိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅၃၅၀ |
| ၃၆၆။ | ရှမ်းပြည်နယ် | ကွမ်းလုံ(၂) | ဦးဇော်ထွန်း | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၂၂၀၅ |
| ၃၆၇။ | ရှမ်းပြည်နယ် | ကုန်းကြမ်း(၁) | ဦးဝေစန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၄၇၃ |
| ၃၆၈။ | ရှမ်းပြည်နယ် | ကုန်းကြမ်း(၂) | ဦးကျောက်တယ်ချန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၈၉၉ |
| ၃၆၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်(၁) | ဒေါက်တာစိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၉၆၁၉ |
| ၃၇၀။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်(၂) | ဦးအောင်သူထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၀၆၆၇ |
| ၃၇၁။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော(၁) | ဒေါက်တာစိုးသိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၄၁၉၃ |
| ၃၇၂။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော(၂) | ဦးဖြိုးဇော်ရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၅၈၇ |
| ၃၇၃။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ(၁) | ဦးသန့်ဇော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၉၅၁ |
| ၃၇၄။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ(၂) | ဒေါ်ခိုင်ဇင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၂၅၅ |
| ၃၇၅။ | ဧရာဝတီတိုင်းဒေသကြီး | ဝါးခယ်မ(၁) | ဦးငွေအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၀၉၁ |
| ၃၇၆။ | ဧရာဝတီတိုင်းဒေသကြီး | ဝါးခယ်မ(၂) | ဒေါ်မြင့်မြင့်စန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၄၇၇ |
| ၃၇၇။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ(၁) | ဦးကျော်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၉၈၆ |
| ၃၇၈။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ(၂) | ဦးထွန်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၀၈၃၁ |
| ၃၇၉။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း(၁) | ဦးဝေယံထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၂၇၈ |
| ၃၈၀။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း(၂) | ဦးကျော်ကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၂၃၇ |
| ၃၈၁။ | ကချင်ပြည်နယ် | တနိုင်း(၁) | ဦးလဂွန်ငန်ဆိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၂၂၃ |
| ၃၈၂။ | ကချင်ပြည်နယ် | တနိုင်း(၂) | ဦးဇော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၄၀ |
| ၃၈၃။ | ကချင်ပြည်နယ် | မိုးကောင်း(၁) | ဦးဝေလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၈၂၈ |
| ၃၈၄။ | ကချင်ပြည်နယ် | မိုးကောင်း(၂) | ဒေါ်မြသွေးစံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၈၁၄ |
| ၃၈၅။ | ကချင်ပြည်နယ် | ဗန်းမော်(၁) | ဦးအောင်သင်း(ခ) ဦးဇော်သင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၀၁၈ |
| ၃၈၆။ | ကချင်ပြည်နယ် | ဗန်းမော်(၂) | ဦးထွန်းတင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၆၈၄ |
| ၃၈၇။ | ကချင်ပြည်နယ် | မိုးမောက်(၁) | ဦးနေဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၈၄ |
| ၃၈၈။ | ကချင်ပြည်နယ် | မိုးမောက်(၂) | ဦးစိုင်းအောင်လတ်(ခ) ဦးထွန်းစိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၈၄ |
| ၃၈၉။ | ကချင်ပြည်နယ် | ပူတာအို(၁) | ဦးယောဆီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၇၄၆ |
| ၃၉၀။ | ကချင်ပြည်နယ် | ပူတာအို(၂) | ဦးဒိန်ခန်ဖုန်(ခ) ခန်လင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၃၆ |
| ၃၉၁။ | ကရင်ပြည်နယ် | ဖာပွန်(၁) | ဦးစောမြင့်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၆၄၇ |
| ၃၉၂။ | ကရင်ပြည်နယ် | ဖာပွန်(၂) | ဦးစောဝင်းထိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၄၉၅ |
| ၃၉၃။ | ကရင်ပြည်နယ် | ကော့ကရိတ်(၁) | ဒေါ်နန်းသူဇာဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၆၈၂ |
| ၃၉၄။ | ကရင်ပြည်နယ် | ကော့ကရိတ်(၂) | ဦးမင်းကိုခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၀၅၅ |
| ၃၉၅။ | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး(၁) | ဦးစောထူးကပေါ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၂၉၆ |
| ၃၉၆။ | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး(၂) | ဦးတင်မျိုးဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၈၃၅ |
| ၃၉၇။ | ချင်းပြည်နယ် | ဖလမ်း(၁) | ဦးရာလ်နှင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀၂၉ |
| ၃၉၈။ | ချင်းပြည်နယ် | ဖလမ်း(၂) | ဦးဆလိုင်းလျန်လွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၁၆ |
| ၃၉၉။ | ချင်းပြည်နယ် | ကန်ပက်လက်(၁) | ဦးကွီးထန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၆၆ |
| ၄၀၀။ | ချင်းပြည်နယ် | ကန်ပက်လက်(၂) | ဒေါက်တာဘမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၇၅၃ |
| ၄၀၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင်(၁) | ဒေါ်ခင်နှင်းရီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၆၁၆ |
| ၄၀၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင်(၂) | ဒေါ်အောင်မေရီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၄၃၄ |
| ၄၀၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး(၁) | ဒေါက်တာသိန်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၂၈၆ |
| ၄၀၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး(၂) | ဦးစောမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၇၃၀ |
| ၄၀၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကသာ(၁) | ဦးသန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၅၃၈ |
| ၄၀၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကသာ(၂) | ဦးညီညီထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၀၉၇ |
| ၄၀၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ပင်လည်ဘူး (၁) | ဦးသန်းလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၆၁၀ |
| ၄၀၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ပင်လည်ဘူး(၂) | ဦးသန်းလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၂၁၅ |
| ၄၀၉ | ပဲခူးတိုင်းဒေသကြီး | ပဲခူး(၁) | ဦးညွန့်ရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄၄၉၀ |
| ၄၁၀ | ပဲခူးတိုင်းဒေသကြီး | ပဲခူး(၂) | ဦးကျော်မင်းစံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄၇၂၁ |

စာမျက်နှာ ၇ သို့

## ပြည်တွင်းရေးရာ

စာမျက်နှာ ၆ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၄၁၁။ | ပဲခူးတိုင်းဒေသကြီး | ကဝ(၁) | ဦးညွန့်ရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၀၆၂ |
| ၄၁၂။ | ပဲခူးတိုင်းဒေသကြီး | ကဝ(၂) | ဦးမျိုးခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၈၉၄ |
| ၄၁၃။ | ပဲခူးတိုင်းဒေသကြီး | ဝေါ(၁) | ဦးမျိုးကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၆၂၁ |
| ၄၁၄။ | ပဲခူးတိုင်းဒေသကြီး | ဝေါ(၂) | ဒေါ်ရီရီထိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၁၉၈ |
| ၄၁၅။ | ပဲခူးတိုင်းဒေသကြီး | ဒိုက်ဦး(၁) | ဦးသန်းထိုက်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၂၇၆ |
| ၄၁၆။ | ပဲခူးတိုင်းဒေသကြီး | ဒိုက်ဦး(၂) | ဦးသူရဇော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၆၈၄ |
| ၄၁၇။ | ပဲခူးတိုင်းဒေသကြီး | ရွှေကျင်(၁) | ဦးဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၀၉၇ |
| ၄၁၈။ | ပဲခူးတိုင်းဒေသကြီး | ရွှေကျင်(၂) | ဒေါ်လှလှဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၃၃၇ |
| ၄၁၉။ | ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး(၁) | ဦးစည်သူလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၃၁၄ |
| ၄၂၀။ | ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး(၂) | ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၇၉၂ |
| ၄၂၁။ | ပဲခူးတိုင်းဒေသကြီး | အုတ်တွင်း(၁) | ဦးမြင့်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၂၆၃ |
| ၄၂၂။ | ပဲခူးတိုင်းဒသကြီး | အုတ်တွင်း(၂) | ဦးဌေးလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၁၈၈ |
| ၄၂၃။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း(၁) | ဒေါ်ဇင်မိုးထိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၂၃၆ |
| ၄၂၄။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း(၂) | ဒေါ်ပပဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၅၅၃ |
| ၄၂၅။ | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ(၁) | ဒေါ်မူမူခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၀၇၅ |
| ၄၂၆။ | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ(၂) | ဦးမောင်မောင်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၃၃၃ |
| ၄၂၇။ | ပဲခူးတိုင်းဒေသကြီး | မင်းလှ(၁) | ဦးအောင်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၈၀၆ |
| ၄၂၈။ | ပဲခူးတိုင်းဒေသကြီး | မင်းလှ(၂) | ဦးအောင်ဇော်နိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၆၉၀ |
| ၄၂၉။ | ပဲခူးတိုင်းဒေသကြီး | နတ်တလင်း(၁) | ဦးမောင်မောင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၈၇၀ |
| | **စုစုပေါင်း** | **၂၇၄ ဦး** | **၁၃၃ ဦး** | **၄၉၄ ဦး** |

# ငြိမ်းငြိမ်းချမ်းချမ်း၊ ညီညီညွတ်ညွတ် . . .



ဆူးငှက်

၁၉၆၀ ကျော်ဝန်းကျင်က ကမ္ဘာမှာ စစ်အေးတိုက်ပွဲ အရှိန်အဟုန် ကောင်းနေဆဲ ကာလဖြစ်တယ်။ ကမ္ဘာ့ လက်နက်နိုင်ငံကြီးတွေ သူ့ထက်ငါ အပြိုင်အဆိုင် ထုတ်လုပ်ကြ၊ အပြိုင်အဆိုင် ဖောက်ခွဲစမ်းသပ်ကြတဲ့ ကာလလည်းဖြစ်တယ်။တတိယကမ္ဘာစစ်ဆိုတာ လက်တစ်ကမ်းအကွာမှာပဲရောက်နေပြီး နေ့လား ညလားဆိုတာ တစ်ကမ္ဘာလုံး ရင်တမမနဲ့ဖြစ်နေကြတဲ့ ကာလပါပဲ။ ဒါကြောင့်လည်း လက်နက်လျှော့ပေ့ါရေး၊ အဏုမြူဗုံး ပိတ်ပင်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း စစ်အာဏာရှင်တွေကလွဲလို့ တစ်ကမ္ဘာလုံး လိုလားနေကြတဲ့ အချိန်ဖြစ်တယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ပညာရှင်ကြီးတွေ၊ နိုင်ငံရေးသမားတွေ၊ အဖိနှိပ်ခံ ပြည်သူတွေက ငြိမ်းချမ်းရေးအသံတွေစီစီညံလို့ပေ့ါ. . . ။အနုပညာရှင်ကြီး ပီကာဆိုရဲ့ ကမ္ဘာကျော် ချိုးငှက် ဒီဇိုင်းဟာ ငြိမ်းချမ်းရေး အမှတ်အသားအဖြစ် တစ်ကမ္ဘာလုံးဝဲပျံနေတယ်။

မြန်မာပြည်မှာလည်း လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်မီးက ဟုန်းဟုန်းတောက်လို့ ကောင်းနေတယ်။ မန္တလေးရတနာပုံနေပြည်တော် မဏိရတနာရာမ မြတောင်ရွှေကျောင်းတော်ကြီးပေါ်က အရှင်နှစ်ပါးပါတော်မူတာမြင်တွေ့ပြီး ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ လွတ်လပ်စွာနေထိုင်နိုင်ရေး ဇာတိမာန်တွေ တစ်ဟုန်ထိုးဖြစ်ပေါ်ခဲ့ရတဲ့ ဆယ်နှစ်သားအရွယ် မောင်လွန်းလေးဟာ တစ်လျှောက်လုံး အမျိုးသားလွတ်လပ်ရေးအတွက် ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်ခဲ့ရပြီ။

တိုင်းပြည်လွတ်လပ်ရေးမရခင်ကတည်းက လက်တွဲလုပ်ဖော်ကိုင်ဖက် တပည့်တပန်းတွေ သဘောထားလွဲခဲ့ကြတယ်။ အာဏာလိုသူ အရှုးအမူးငမိုက်သားတွေကြောင့် တပည့်လက်ရင်း သခင်အောင်ဆန်းနဲ့ ဝန်ကြီးအချို့ သွေးမြေကျခဲ့ရပြီ။ အခုလည်း လွတ်လပ်ရေးအတွက် အခက်အခဲပေါင်းစုံကို အသက်ပေးကျော်ဖြတ်ပြီး လက်တွဲခဲ့ကြတဲ့ တပည့်သားမြေးတွေ ကွဲကြပြဲကြပြီး လက်နက်ဆွဲကိုင်ကာ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဖြစ်ပျက်နေကြလေတော့ အိုကြီးအိုမအရွယ် ဆရာကြီးသခင်ကိုယ်တော်မှိုင်းလည်း စိတ်လက်မချမ်းမသာဖြစ်ရတာပေ့ါ။ ဒါကြောင့် ၁၃၂၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် (၃. ၄. ၆၂)အင်္ဂါနေ့ အသက်(၈၆)နှစ် ပြည့်ချိန်မှာ. . .

"ဆရာမသေခင် တိုင်းပြည်ကြီး ငြိမ်းချမ်းသာယာပြီး ဆရာ့တပည့်တွေ သင့်သင့်မြတ်မြတ်ဖြစ်တာကို ကြည့်သွားမြင်သွားချင် သေးသကွာ. . . ."ဟု မပြောစဖူးဖွင့်အံ ပြောဆိုလာတဲ့အထိ ဖြစ်ခဲ့ရတယ်။ ဒီဆန္ဒဟာ ဆရာကြီးကိုယ်နှိုက်က ဖွင့်မပြောခဲ့ပေမယ့် အသက်အရွယ်ကြီး ရင့်ပါမှ မြန်မာပြည် တစ်နံတစ်လျား၊ မြစ်ခြား၊ ချောင်းကူး ခရီးအထိ မမောမပန်းသွားလာခဲ့မှုက သက်သေပြခဲ့တာပါပဲ။ မြန်မာတစ်ပြည်လုံးက တိုင်းသူပြည်သားတွေရဲ့ဆန္ဒနဲ့ အိုကြီးအိုမမှ လူငယ်တွေကို ဦးဆောင်ပြီးသွားလာ လှုပ်ရှားပြောဟော လုပ်ကိုင်နေရတဲ့ ဆရာကြီးအပေါ် ယုတ်မာရက်စက်တဲ့လူတွေက အမနာပ ပြောဆိုအပြစ်တင်ကြရုံမက အုတ်ခဲကျိုးတွေနဲ့ ပစ်ပေါက်သူတွေလည်းရှိ. . .၊ အလံနက်ထူပြီးသံပုံးတီးထုတ်သူတွေလည်း ရှိခဲ့ပါတယ်။ ဒါဟာ မဆန်းပါဘူး။ ငြိမ်းချမ်းမှုကို မလိုလားဘဲ သဘောထားသေးသိမ်ပြီး စစ်မက်ဖြစ်မှ စားဝင်အိပ်ပျော်သူတွေရဲ့ လုပ်ရပ်တွေပဲပေ့ါ. . . ။

ပိုလို့ဆိုးတာက ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်ပြီး ငြိမ်းချမ်းရေးလိုလားတဲ့ လူငယ် စာရေးဆရာ၊ ကဗျာဆရာတွေအပေါ် လက်ဝဲသမားတွေ၊ ကွန်မြူနစ်တွေ၊ စီပီဘီတွေလို့ တံဆိပ်ကပ်ကြတယ်။ အာဏာပိုင်အဖွဲ့အစည်းကလည်း ဒီတံဆိပ်တွေကို လက်ညှိုးထိုးပြီးထောင်သွင်းအကျဉ်းချတယ်၊ တစ်ကျွန်းပို့တယ်၊ မျိုးပြုတ်စီမံကိန်းနဲ့ နှိပ်ကွပ်တယ်။ တကယ်တော့ ဆရာကြီးရဲ့လုပ်ဆောင်မှုဟာ ပြည်တွင်းစစ်မီး ကိစ္စအတွက် တစ်လံတစ်ထွာမျှ အမြင်ပင် မဟုတ်ပါဘူး။ဒီအချိန် တစ်ကမ္ဘာလုံး စိုးရိမ်ကြောင့်ကြနေကြရတဲ့ တတိယကမ္ဘာစစ်မီးကြီး အန္တရာယ်အတွက်လည်း ကမ္ဘာနဲ့ချီပြီး အမြင်ကျယ်ကျယ် ဆောင်ရွက်ခဲ့ကြတဲ့ မွန်မြတ်တဲ့ အလုပ်ပါ။ ဒါကြောင့်လည်း ဒီစွမ်းဆောင်မှုကို ငြိမ်းချမ်းရေးလိုလားကြတဲ့ နိုင်ငံတကာပြည်သူတွေက လေးလေးစားစား အသိအမှတ်ပြုကြတယ်။ နိုင်ငံတကာ ငြိမ်းချမ်းရေးဆု အပ်နှင်းဂုဏ်ပြု ပူဇော်ကြတယ်။ ကျော်ကြားထင်ရှားတဲ့ နိုင်ငံခြားတက္ကသိုလ်ကြီးတစ်ခုကလည်း ဒေါက်တာဘွဲ့ဆည်းကပ်ပြီး ရိုရိုသေသေဂါရဝပြုကြတယ်။

ကမ္ဘာနဲ့ချီပြီးအများစုက ဆရာကြီးကို "ငြိမ်းချမ်းရေး" ခေါင်းဆောင်တစ်ဦးအနေနှင့် ဘယ်လိုပဲ ဂုဏ်ပြုချီးမြှောက်သံ မိုးလုံးဘဝင်ညံနေပါစေ. . . ။ ပြည်တွင်းက ငါတကောကော၊ သဘောထား သေးသိမ်၊ ကိုယ်ကျိုးရှာ အတ္တသမား၊ အာဏာရူးတွေကတော့ မျက်ကွယ်ပြုပစ်ပယ်၊ အပုပ်ချနှိပ်ကွပ်ခဲ့တာလည်း ဝမ်းနည်းစိတ်ပျက်စရာပါ။ မည်သို့ပင်ဆိုစေ. . . ၊အဲဒီခေတ် အဲဒီကာလက စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်အားကောင်းခဲ့တဲ့ သတင်းစာတွေက (အာဏာရှိသူလက်ကိုင်တုတ် သတင်းစာအချို့မှလွဲပြီး) ဆရာကြီးရဲ့ ငြိမ်းချမ်းရေးလုပ်ရပ်တွေအပေါ် အားပေးထောက်ခံကြတယ်။ ရတဲ့နေရာ၊ ရတဲ့ထောင့်၊ ရတဲ့အခွင့်အရေးကို အမိအရယူပြီး ထုတ်ဖော်အသိပေးကြတယ်။ ဆရာကြီးရဲ့ "မှိုင်း (၈၇)နှစ်မြောက်မွေးနေ့" အထိမ်းအမှတ်အဖြစ် မန္တလေး လူထုသတင်းစာကို အထူးထုတ်အဖြစ် ထုတ်ဝေခဲ့တယ်။ ပန်းချီပေါ်ဦးသက်ရဲ့ အားကောင်းတဲ့ မျက်နှာအပြည့် သရုပ်ဖော်ပန်းချီကိုဖော်ပြတယ်။ ရွှေကိုင်းသား၊ လူထုဒေါ်အမာ၊ ဗန်းမော်တင်အောင်၊ မောင်နေဝင်း၊ ဝိဓူရသခင်ချစ်မောင်၊ကြည်လင်. . . စတဲ့"မှိုင်းဝါဒီ" တွေရဲ့ အမှတ်တရ စာတွေ၊ ကဗျာတွေ တခမ်းတနား ပါရှိခဲ့တယ်။ အဲဒီအချိန်မှာ ဆရာကြီးသက်ရှိထင်ရှားရှိဆဲပါ။ နောက်. . . လများမကြာခင် ၁၉၆၄ခု၊ ဇူလိုင် ၂၃ ရက်နေ့မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခဲ့တာပါပဲ။ အသက် (၈၉)နှစ်ပြည့်ခါနီးအထိ ဆရာကြီးအသက်ရှည်ခဲ့တဲ့သဘောပါ။

ဆရာကြီး စတင်မကျန်းမာချိန်ကစပြီး မန္တလေးလူထုသတင်းစာက ပြည်သူလူထုတွေ တကယ်သိချင်တဲ့ သတင်းမို့ ကျန်းမာရေး အခြေအနေကို နေ့စဉ်သတင်းပေးဖော်ပြခဲ့တာလည်း အမှတ်တရပါ။ ၁၉၆၄ခု၊ ဇူလိုင်လ ၁၀ ရက်နေ့ကစပြီး နေ့စဉ်သတင်းပေးခဲ့တာ ကွယ်လွန်မယ့် ၂၃ရက်နေ့မရောက်မီ ဇူလိုင် ၂၂ရက်နေ့အထိဖြစ်တယ်။၂၂ရက်နေ့က ၂၃ရက်နေ့အကူး နံနက် ၁နာရီခွဲ အချိန်ခန့်မှာ ကွယ်လွန်ခဲ့ပါသတဲ့။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မြန်မာတစ်မျိုးသားလုံးအတွက် လွတ်လပ်ရေး. . . ၊ ငြိမ်းချမ်းရေး. . . ၊ ဒီမိုကရေစီရေး. . . . လမ်းကြောင်းအတိုင်း မဆုတ်မနစ် လုပ်ကိုင်သွားခဲ့ပြီ။ လွတ်လပ်ရေးဆိုတဲ့ အဆင့်ကို ကျော်ဖြတ်ပြီး. . . ဆင်းရဲတွင်းနက်လှတဲ့ မြန်မာအလုပ်သမား တောင်သူလယ်သမားတွေရဲ့ ဘဝသာယာဝပြောရေးအတွက် အချင်းချင်း အပုပ်ချ၊ တိုက်ခိုက်၊ သတ်ဖြတ်ပြီး သွေးချောင်းစီးခဲ့တဲ့ ပြည်တွင်းစစ်မီး ငြိမ်းသတ်ရေးကို တိုးတက်တဲ့လူငယ် လူရွယ်တွေနဲ့ အိုကြီးအိုမ အသက် (၇၀) အရွယ်က ကွယ်လွန်သည်အထိ ၁၅ နှစ်လောက် မနားမနေ လုံးပမ်းဆောင်ရွက်ခဲ့တာ. . . . အသေမဖြောင့်ဖြစ်သွားရရှာပြီပေ့ါ. . . . ။ ဘာလို့လဲဆိုတော့ ဆရာကြီးမဆုံးခင် ၂၂ ရက် မကျန်းမာဖြစ်နေဆဲ ၁၉၆၄၊ ဇူလိုင် ၁ ရက်နေ့ည ၉ နာရီသာသာမှာ အတူလက်တွဲဖော်တပည့် ဦးထွန်းတင် (ကွယ်လွန်သူ ရွှေနေကြီး ဦးထွန်းတင်)ကို သူ့အနားခေါ်ပြီး လေးနက်တည်ကြည်တဲ့ အသံနဲ့. . . .

**"အင်း. . . . ဆရာတော့ မသေခင်**
**ဆရာတို့ တိုင်းပြည်မှာ**
**တကယ့် လွတ်လပ်ရေးနဲ့**
**ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်**
**ဖြစ်တာကိုပဲ မြင်သွားချင်တာပါပဲ"**. . . . .

လို့ တစ်လုံးစီ ပီပီသသ ဖြည်းဖြည်းနဲ့မှန်မှန် ပြောခဲ့ပါသတဲ့. . . ။

ဆရာကြီးရဲ့ စကားတွေမှာ စကားလုံးတစ်လုံးချင်းစီကအစ သိပ်အဓိပ္ပာယ်ရှိပါတယ်။ ပြန်ဖတ်ကြည့်လိုက်တော့ တိတိကျကျ၊ လေးလေးနက်နက်ဖြစ်ခဲ့တာ အသေအချာပါပဲ။ အရေးကြီးတဲ့ စကားလုံးတွေပါ။

×××××××××××××

ဆရာကြီးသခင်ကိုယ်တော်မှိုင်း မျှော်လင့်ခဲ့တဲ့ ငြိမ်းချမ်းရေးခရီးမှသည်. . . . ဆရာကြီးလိုလားခဲ့တဲ့ ပန်းတိုင်တွေမရောက်မီ သူတို့ချစ်တဲ့ တိုင်းပြည်နှင့် လူမျိုးကို ခွဲခွာသွားခဲ့ကြရတဲ့ "မှိုင်းဝါဒီ"တွေလည်း အသေဖြောင့် သွားကြပါလေစွ. . . ။

---

❖ မြန်မာနိုင်ငံမှ

အင်ဒိုနီးရှားငါးဖမ်းလှေပေါ်မှာ တစ်နှစ်ကျော် ကြာခဲ့တယ်။ ကျန်နေတဲ့ လုပ်အားခတွေကိုလည်း သက်ဆိုင်ရာက ကူညီပေးလို့ အားလုံးရရှိခဲ့ပါတယ်။ နောက်ထပ်သွားဖို့ အစီအစဉ် မရှိတော့ပါဘူး" ဟု ပြန်လည်ရောက်ရှိလာသူတစ်ဦးက ပြောသည်။

ထိုသို့ ပြန်လည်ရောက်ရှိလာသူများကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းဦးစီးဌာနရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းတွင် သက်ဆိုင်ရာမှ ခေတ္တနေရာချပေးထားသည်။ IOM အနေဖြင့်လည်း ၎င်းတို့ကို သက်ဆိုင်ရာနေရပ် အသီးသီးသို့ ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ပေးနေသည့်အပြင် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်၍ လိုအပ်ပါက ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန် စီစဉ်ထားကြောင်း IOM မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရေလုပ်သားများကို အဆိုပါနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့်မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာလဆန်းမှ နိုဝင်ဘာ ၁၂ ရက်အထိ (၉) ကြိမ်မြောက် ပို့ဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ၃၄၅ ဦး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ -ဇော်ကြီး (ပဏီတ)**

❖



## အထွေထွေရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၂**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး မီဒီယာစင်တာ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် တက်ရောက်၍ ရှင်းလင်းပြောကြားသည်။ ယင်းရှင်းလင်းပွဲတွင် ဦးမြင့်နိုင်က ရွေးကောက်ပွဲရလဒ်များ အမှန်ကန်ဆုံးနှင့် အမြန်ဆုံးဖြစ်အောင် ရလဒ်စိစစ်ရေးအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရလဒ်စိစစ်ရေးအဖွဲ့ကိုလည်း အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲရလဒ် ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံတစ်ရုံချင်းအလိုက် ပုံစံ(၁၆)ဖြင့် ပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရပါကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ရောက်ရှိနေသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ညနေ ၄ နာရီတွင် ရေတွက်ပြီး ပုံစံ (၁၈) ဖြင့် ပြုစုရပါကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မဲရုံမှူးများက ပုံစံ (၁၆) ဖြင့် ပြုစုပေးပို့မှုများကို ပုံစံ (၁၉) ဖြင့် ပြုစုပြီး အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းကို ကြေညာပေးခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြို့နယ်များက ပုံစံ(၁၉)ဖြင့် တင်ပြလာသည့် စာရင်းများကို ထပ်ဆင့်စိစစ်ပြီး မှန်ကန်မှသာ မဲရလဒ်များကို ကြေညာပေးခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယနေ့ညနေ ၄ နာရီအထိ မဲရလဒ်ထုတ်ပြန်ပြီးစီးမှုအခြေအနေမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦးတွင် ၂၄၃ ဦး၏ အမည်စာရင်းကိုထုတ်ပြန်ခဲ့သဖြင့် ၇၅ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးတွင် ၁၁၆ ဦး၏ အမည်စာရင်းကိုထုတ်ပြန်ခဲ့သဖြင့် ၆၈ ရာခိုင်နှုန်းနှင့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၁၂၀ ဦးတွင် ၇၉၉ ဦးထုတ်ပြန်ပြီးဖြစ်၍ ၇၀ ရာခိုင်နှုန်းကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပုဂံ–ညောင်ဦးမြို့ပေါ်တွင် ခရီးသွားရာသီချိန်၌ မြင်းလှည်းလုပ်ငန်း ပြန်လည်လုပ်ကိုင်သူများပြား

**ညောင်ဦး နိုဝင်ဘာ ၁၂**

ပုဂံ- ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ ခရီးသွားရာသီချိန်၌ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ အများအပြား ဝင်ရောက်လည်ပတ်လျက်ရှိပြီး အဆိုပါခရီးသွားများမှာ မြင်းလှည်းများဖြင့် လည်ပတ်လေ့လာခြင်းကို ပိုမိုသဘောကျသောကြောင့် ပုဂံ-ညောင်ဦးမြို့ပေါ်တွင် မြင်းလှည်းလုပ်ငန်းလုပ်ကိုင်သူများ များပြားလာကြောင်း သိရသည်။

ပြည်ပနိုင်ငံခြားသား ခရီးသွားများက ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ လှည့်လည် လည်ပတ်ရာတွင်လည်း လျှပ်စစ်စက်ဘီး၊ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် လည်ပတ်လေ့ရှိကြသည့်အပြင် သက်သောင့်သက်သာဖြင့် စီးနင်းသွားလာနိုင်သည့် မြင်းလှည်းများကို ပိုမိုသဘောကျနှစ်သက်မှုများရှိခြင်းကြောင့် ပုဂံ-ညောင်ဦးမြို့ပေါ်ရှိ မြင်းလှည်းလုပ်ငန်း လုပ်ကိုင်သူများက ပြောသည်။

ယခုလို ခရီးသွားရာသီချိန်၌ ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ အများအပြား ဝင်ရောက်လည်ပတ်လျက်ရှိပြီး၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များမှာ ပုဂံ- ညောင်ဦးမြို့ပေါ်ရှိ အထင်ကရ တန်ခိုးကြီးဘုရားများနှင့် ညနေဆည်းဆာအချိန် ရှုခင်းအလှကို အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းဖြင့် အပန်းဖြေသွားရောက်လည်ပတ်လေ့ရှိကြောင်းလည်း သိရသည်။

“ဒီအချိန်က ခရီးသွားရာသီချိန်ဖြစ်လို့ ကျွန်တော်တို့ ပုဂံညောင်ဦးမြို့ပေါ်က မြင်းလှည်း လုပ်ငန်းရှင်တွေအတွက် အလုပ်လုပ်ရတာ အဆင်ပြေကြပါတယ်။ ဒါပေမယ့် လျှပ်စစ်စက်ဘီး၊ ဆိုင်ကယ်နဲ့ စက်ဘီးအငှားဆိုင်တွေကလည်း ကျွန်တော်တို့မြို့မှာ လုပ်ကိုင်သူပိုများလာတော့ နိုင်ငံခြားသားဧည့်သည်တွေက လျှပ်စစ်ဆိုင်ကယ်၊ စက်ဘီးတွေ၊ ရိုးရိုးစက်ဘီးတွေနဲ့ သွားတာမျိုးတွေလည်း များပါတယ်။

“တချို့ နိုင်ငံခြားသားတွေကျတော့ သက်သောင့်သက်သာနဲ့စီးလို့ရတဲ့ ကျွန်တော်တို့ မြင်းလှည်းတွေကို ပိုပြီးသဘောကျတယ်ဗျ။ ဒါ့ကြောင့် ဒီလိုခရီးသွားရာသီချိန်ဆိုရင် ပုဂံညောင်ဦးမှာ မြင်းလှည်းသမားတွေ လုပ်ကိုင်တဲ့သူ ပိုများလာပါတယ်။ အစီးရေနဲ့ပြောရမယ်ဆိုရင် မြင်းလှည်းအစီးရေ ၂၀၀ လောက်တော့ ရှိမယ်ထင်တယ်ဗျ။

“မြင်းလှည်းငှားမယ်ဆိုရင် ဘုရားစုံဖူးပါက နိုင်ငံခြားသားဆိုရင် ကျပ် ၃၅၀၀၀၊ ဘုရားစုံမဖူးဘဲ ရှုခင်းအလှတွေကို နာရီဝက်၊ တစ်နာရီ သွားချင်တာမျိုးကျ ဈေးနှုန်းသင့်သလိုပေါ့။ ကိုယ့်မြန်မာအချင်းချင်းကတော့ ဘုရားစုံဖူးမယ်ဆိုရင် ကျပ် ၂၅၀၀၀ နဲ့ မောင်းပို့ပေးနေပါတယ်။ ပြီးတော့ ကျွန်တော်တို့ မြင်းလှည်းသမားတွေလည်း ဒီအချိန်လေးပဲ မြင်းလှည်းလုပ်ငန်းက အဆင်ပြေတာဆိုတော့ နိုင်ငံခြားသားဧည့်များများလာလေ ကျွန်တော်တို့အတွက် ပိုအဆင်ပြေလေပါပဲ” ဟု ညောင်ဦးမြို့ပေါ်မှ မြင်းလှည်းအငှားမောင်းသူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့ပန်းပွဲတော်အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ်မြောက် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်



**ပြင်ဦးလွင် နိုဝင်ဘာ ၁၂**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ပန်းပွဲတော်အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် ဓာတ်ပုံပြိုင်ပွဲအား ဖိတ်ခေါ်လျက်ရှိပြီး ဒီဇင်ဘာ ၄ ရက်ကို နောက်ဆုံးထားကာ ပြိုင်ပွဲဝင်ဓာတ်ပုံများကို တင်သွင်းရမည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြင်ဦးလွင်မြို့ ဒေသပတ်ဝန်းကျင်၏ သာယာလှပမှုများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)၏ သာယာလှပမှုများကို တွဲဖက်ရိုက်ကူးထားသော ပန်းအလှပုံများဖြစ်ရမည်ဖြစ်ပြီး ရိုက်ကူးရာတွင် မော်ဒယ်များ၊ အခြားအကြောင်းအရာများကိုလည်း စိတ်ကူးရှိသလို တွဲဖက်ရိုက်ကူးနိုင်ကြောင်း ပြိုင်ပွဲစည်းကမ်းချက်တွင် ဖော်ပြထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံသည် ၁၀ လက်မ × ၁၂ လက်မထက်မငယ်၊ ၁၀ လက်မ × ၁၅ လက်မထက်မကြီးစေရဘဲ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံငါးပုံထိ တင်သွင်းယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများ ရိုက်ကူးရာတွင် မည်သည့် ကင်မရာအမျိုးအစားဖြင့်မဆို အသုံးပြုရိုက်ကူးနိုင်၍ ၂၀၁၅ ခုနှစ်အတွင်း ရိုက်ကူးထားသော ဓာတ်ပုံများသာဖြစ်ရမည်ဖြစ်ပြီး ဓာတ်ပုံ တင်သွင်းယှဉ်ပြိုင်ရာတွင် ဓာတ်ပုံဆရာတစ်ဦးသည် အမည်တစ်ခုတည်းဖြစ်သာ ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ကာ အမည်ခွဲများ၊ ကလောင်ခွဲများဖြင့် ပါဝင်ယှဉ်ပြိုင်ပါက အဆိုပါပြိုင်ပွဲဝင်၏ဆုကို ပယ်ဖျက်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဓာတ်ပုံများတင်သွင်းရာတွင် ပြိုင်ပွဲဝင်ပုံနှင့်အတူ မူရင်းဖလင် သို့မဟုတ် မူရင်းဖိုင်ပါဝင်သော စီဒီတို့ကို တစ်ပါတည်း တင်သွင်းရန်လိုအပ်ပြီး ဆုမရရှိပါက မူရင်းဖလင်ကို ပြန်လည်ပေးအပ်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထားကာ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်မြို့) သို့ မဟုတ် အထက်မြန်မာပြည်ဓာတ်ပုံအသင်းတိုက်သို့ ပေးပို့ရမည်ဖြစ်ကာ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီမှ စတင်ကာ ရွေးချယ်သွားမည်ဖြစ်သည်။

ဓာတ်ပုံရိုက်ကူးခွင့် ကတ်ပြားများနှင့် ဝင်ခွင့်ဖောင်များကို အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်မြို့) သို့မဟုတ် အထက်မြန်မာပြည်ဓာတ်ပုံအသင်းတိုက်တို့အား ဆက်သွယ်ထုတ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ၀၉-၄၄၄၀၂၀၆၇၈၊ ၀၉-၂၅၆၁၁၄၄၀၄ အား ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

နှစ်စဉ်ကျင်းပလျက်ရှိသော ပြင်ဦးလွင်မြို့၏ ပန်းပွဲတော်ကို ယခုနှစ်တွင် ၁၀ နှစ်ပြည့် အခမ်းအနားအဖြစ် ကျင်းပနိုင်ခြင်းဖြစ်ပြီး ပန်းပွဲတော်နှင့်အတူ ဂီတပွဲတော်ကို ၁၁ နှစ် ပြည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပနေကြ အတိုင်းဒီဇင်ဘာလတွင် ယခင်နှစ်များနှင့်မတူ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်တော့မည် ဖြစ်သည်။

၀၀၂

# ဒေသထွက်ကုန်များသယ်ယူပို့ဆောင်ရေးအဆင်ပြေရန် ကျေးရွာချင်းဆက်လမ်း၊တံတားများတည်ဆောက်

**မိတ္ထီလာ နိုဝင်ဘာ ၁၂**

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်းများအား သွားလာရ လွယ်ကူစေရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တံတားများ တည်ဆောက်ခြင်း၊ လမ်းများ အဆင့်မြှင့်တင်ခြင်း၊ အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ Box Culvert များ ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားလာစေရန် ကျေးရွာချင်းဆက်လမ်းများ ဆက်သွယ်သွားလာရ လွယ်ကူစေရေး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စဉ်ဆက်မပျက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ရှမ်းတဲစံပြကျေးရွာလမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည်။

ယင်းအပြင် အလည်ရွာလမ်း၊ ဆင်စလွယ်-ဝက်ကုန်းလမ်း၊ ဇီးချိုကုန်း-မြောင်းပေါက်လမ်း၊ သဖန်း-ပင်တလဲသံဘို - တောင်ပုလုလမ်း၊ မကျီးစု-ကန်နီလမ်း၊ ကျောက်ပန်းတောင်းလမ်းမှ ပဲသီတာသိမ် အဝင်လမ်း၊ သဖန်းလမ်းမှ သဖန်းသိမ် အဝင်၊ အထွက်လမ်းများအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းအပြင် အရာတော်-ကံကောင်းလမ်းအား မြေသားလမ်းခင်းခြင်းနှင့် အလည်ရွာ-ပျော်ကုန်းလမ်း၊ ဆည်ကုန်း-အလည်ရွာ လမ်းများ၌ ဂျင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို အမြန်ပြီးစီးနိုင်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့်က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအပြင် လက်ပံ-ခါးကော့-ဂဠုံကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ချောင်းကူးသစ်သားတံတား တည်ဆောက်ခြင်း၊ ပိတောက်ပင်-အုတ်ဖို-ကြာကန်လမ်းမှ ကျောင်းရွာ-ညောင်ပင်သာ ကျေးရွာခြင်းဆက်လမ်းနှင့် မြာကျေးရွာ-တဲကြီးကုန်းကျေးရွာချင်းဆက်လမ်းများအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ၊ ပြည်သာယာမြောက်မှ လျှော်ဖြူကန်ကျေးရွာချင်းဆက်လမ်းအား အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ Box Culvert များ ပြုလုပ်ခြင်းကိုလည်း ယခုဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မန္တလေးကို ဥယျာဉ်မြို့တော်ဖြစ်စေရေး အရိပ်ရပင်၊ ပန်းအလှပင်များစိုက်ပျိုး




**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့တွင် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဝန်ထမ်းများသည် ဥယျာဉ်မြို့တော်ဖြစ်စေရေးအတွက် စစ်ကိုင်းတံတား နှာပေါက်အနီးတွင် ပန်းဝိုင်း၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေး ဝဲ၊ ယာတို့တွင် သစ်ပင်ပန်းမန်များစိုက်ပျိုး၍ မြေယာရှုခင်း အလှပြုပြင်ခြင်းလုပ်ငန်းများ၊ မန္တလေးမြို့ပတ်ကမ်းနားလမ်းတစ်လျှောက် ၂၆ လမ်းမှ ရှမ်းကလေးကျွန်းလမ်းဆုံအထိ၊ အဓိကလမ်းဆုံများတွင် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို သစ်ပင်ပန်းမန်များ၊ ပန်းအလှပင်များ၊ ဘဲစားမြက် စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုဝင်ဘာလဆန်းမှစတင်၍ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနသည် ရန်ကုန်-မန္တလေးလမ်းတစ်လျှောက် လမ်းအနောက်ဘက်ခြမ်းတွင်လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုး၍ မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းနှင့် ကျုံးပတ်လည်နှင့် လမ်းလယ်ကျွန်းတို့တွင်လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်းအလှပြုပြင်ခြင်း၊ ဘူတာကြီးအဝိုင်းပတ်နှင့် ၇၈ လမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းတို့တွင်လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနသည် ပြည်သူလူထု အခမဲ့အပန်းဖြေအနားယူနိုင်ရေးအတွက် ပန်းခြံနှင့် အပန်းဖြေဥယျာဉ်များ တည်ဆောက်ခြင်းနှင့် မြို့တော်အတွင်း လိုအပ်သောနေရာများတွင် သစ်ပင်ပန်းမန်များ အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ပျိုးခြံများတွင် ပျိုးပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော် သန့်ရှင်းရမည်၊ မန္တလေးမြို့တော် သာယာလှပရမည်၊ မြို့တော်နေပြည်သူများ စိတ်ချမ်းသာရမည်ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **သီဟကိုကို(မန္တလေး)**

ဖတ်စရာ/မှတ်စရာ

# ဆင်ခြေထောက်ရောဂါအတွက် အိမ်တွင်းကုထုံးလေးများ

à ပေါက်ပေါက်

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအနက် ကိုးနိုင်ငံမှာ ဆင်ခြေထောက်ရောဂါ အမြစ်တွယ်လျက်ရှိရာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ၁၉၉၇ ခုနှစ်က ကျင်းပသော အကြိမ် ၅၀ မြောက် ညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၉ အရ၊ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအပါအဝင် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိသော နိုင်ငံများမှာ ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးကို ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိနေပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ၎င်းရောဂါ အမြစ်ပြတ်စေရန်အတွက် စီမံချက်ချ၍ သံချဆေးပေါင်း တိုက်ကျွေးမှုကို လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ကာလအတွင်း ပြုလုပ်ကာ မြို့နယ်ပေါင်း ၂၁၆ ခုတို့မှာ လုပ်ဆောင်ရန် စီစဉ်ထားကြောင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စီမံချက်ဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးထံမှ သိရသည်။

သံချဆေးတိုက်ကျွေးမည့် မြို့နယ်များမှာ နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် ရှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၉ မြို့နယ်၊ မန္တလေးတိုင်း ဒေသကြီးတွင် ၂၈ မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ၂၂ မြို့နယ်၊ ချင်းပြည်နယ်တွင် တစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၆ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၈ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၀ မြို့နယ်၊ ကချင်ပြည်နယ်တွင် ၁၃ မြို့နယ်၊ မွန်ပြည်နယ်တွင် ၁၀ မြို့နယ်၊ ကရင်ပြည်နယ်တွင် ခုနစ်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

### ဆင်ခြေထောက်ရောဂါဆိုတာ

ဆင်ခြေထောက်ရောဂါသည် အသက်အရွယ်မရွေး၊ အမျိုးသား၊ အမျိုးသမီးမရွေး ဖြစ်နိုင်သည်။ လူမှလူသို့ တိုက်ရိုက်ကူးစက်မှုမရှိပါ။ Culex mosquito ခြင်အမျိုးအစားကနေပြီး၊ Wuchereria bancrofti (ခေါ်) သန်ကောင်ကပ်ပါးပိုးတစ်မျိုးကြောင့် ရောဂါဖြစ်လာ၏။ ဆင်ခြေထောက်ပုံသဏ္ဌာန်ရှိသဖြင့် 'ဆင်ခြေထောက် (Elephantiasis)' ဟု အမည်တွင်သည်။ ဤရောဂါသည် လတ်တလော သေစေနိုင်သော ရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဌာန် ပျက်ယွင်းခြင်းကြောင့် လူမှုရေး ထိခိုက်နစ်နာဆုံးရှုံးမှုရှိသော ရောဂါများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

### ရောဂါဖြစ်စဉ်

ဆင်ခြေထောက်ပိုးရှိသော ခြင်တစ်ကောင်ကိုက်သောအခါ၊ ရိုးရိုးမျက်စိနှင့် မမြင်နိုင်သောပိုးသည် လူ၏အရေ ပြားပေါက်မှ တစ်ဆင့် သင်ရည် (သားနံ့ရည်) စုဝေးရာနေရာသို့ ရောက်ရှိသွားပါသည်။ သန်ကောင်ငယ်နှင့် သက်ကြီးကောင်ဟူ၍ နှစ်မျိုးရှိပြီး သက်ကြီးကောင်များမှာ လူ၏သင်ရည်ကြောတွင် နေကြသည်။ သက်ကြီးကောင်များ မိတ်လိုက်ပြီးနောက် Microfilaria (ခေါ်) သန်ကောင်ငယ်များမွေးလာကာ ယင်းတို့သည် လူတို့၏ သွေးကြောများနှင့် အဆုတ်၊ အသည်းစသော အတွင်းကလီစာများတွင် လှည့်ပတ်သွားလာကြသည်။ သန်ကောင်ငယ်များသည် ည ၁၀ နာရီမှ နံနက် ၂ နာရီအတွင်း သွေးကြောများထဲမှ များပြားစွာ ထွက်ပေါ်လေ့ရှိပြီး၊ ၎င်းအချိန်တွင် ခြင်ကိုက်ရာမှခြင်၏ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီးနောက် သန်ကောင်ငယ်များကြီးထွားလာကာ လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်မှုပေးနိုင်သောအဆင့်ကို ရောက်ရှိ၍ ခြင်မှတစ်ဆင့် ကူးစက်မှုဖြစ်စေပါတော့သည်။

### ရောဂါဖြစ်နှုန်း

ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ခုနှစ် စစ်တမ်းများအရ၊ နိုင်ငံပေါင်း ၈၁ နိုင်ငံမှ လူပေါင်း ၁၂၀ သန်းသည် ၎င်းရောဂါဆိုးကြီးကို ခံစားနေကြရပြီး သန်း ၄၀ သောလူများမှာ ကိုယ်အင်္ဂါချို့ယွင်းမှုများကြောင့် အလုပ်မလုပ်နိုင်တော့ကြောင်း၊ အရှေ့တောင်အာရှဒေသတွင်း ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင် ကိုးနိုင်ငံတွင် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်လျက်ရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအနက် ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှလွဲ၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုတွင် ဆင်ခြေထောက်ရောဂါပိုး အမြစ်တွယ်မှုရှိကြောင်းသိရသည်။ ၂၀၀၁ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုများခဲ့သည်။ မကွေးခရိုင်နှင့် သရက်ခရိုင်ရှိ လူများအားလုံး ဆေးကျွေးခြင်းလုပ်ငန်းကို စတင်ခဲ့ပါသည်။



### ရောဂါလက္ခဏာများ

ချမ်းတုန်၍ ဖျားခြင်း၊ ခန္ဓာကိုယ်တစ်နေရာရာတွင် နီရဲပူလောင်ရောင်ရမ်း၍နာကျင်ခြင်း၊ သင်ရည်ကြောနှင့် အကျိတ်များရောင်ခြင်း၊ ဆီးသွားသည့်အခါ အဖြူရောင်ပျစ်ချွဲချွဲဖြစ်ခြင်း၊ အင်ပျဉ်ထွက်ခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ကျပ်နေခြင်း၊ ဘော(ရေမုတ္တ) အောင့်ခြင်းစသည့် လက္ခဏာများ စတင်ခံစားရတတ်သည်။ ထိုမှတစ်ဆင့် ခြေ၊ လက် (တစ်ဖက်တည်းဖြစ်စေ၊ နှစ်ဖက်လုံးဖြစ်စေ) တဖြည်းဖြည်းကြီးလာပြီး နောက်ဆုံးတွင် ခြေ၊ လက်များ ဆင်ခြေထောက်ကဲ့သို့ ဖြစ်လာတတ်ကြသည်။ သန်ကောင် သယ်ဆောင်ထားသော ခြင်ကိုက်ခံရပြီး ရောဂါလက္ခဏာ ပေါ်ရန်အတွက် ခြောက်လမှ ရှစ်လအထိ ကြာတတ်သည်။ (အချို့ကလည်း ခြေ၊ လက်ဖောင်းရောင်ခြင်းကို သွေးမှင်၊ လေမှင် ထင်ကာ တခြားဆေးတွေသောက်ပြီး ခေတ္တပျောက်သွားခြင်းဖြင့် ကိုယ်ထဲမှာ ပိုးများအောင်းနေခဲ့ကြ၏)

### ရောဂါကာကွယ်ဆေး

ဆေးတိုက်ကျွေးရာတွင် ဆင်ခြေထောက်ပိုးသေဆေး (DEC) နှင့် သန်ချဆေးပြား (Albendazole) ကို ပူးတွဲအသုံးပြုရပါသည်။ ယင်းသည် ခန္ဓာကိုယ်တွင်းရှိ ပိုးအရေအတွက် ၉၀ ရာခိုင်နှုန်းကျော်ကို လျှော့ချနိုင်စွမ်းရှိ၏။ သန်ချဆေးနှင့်တွဲ၍ သောက်ခြင်းကြောင့် အူလမ်းကြောင်းရှိ အခြားသန်ကောင်များသေဆုံးနိုင်ပြီး အထူးသဖြင့်ကလေးများတွင် သန်ကောင်ရောဂါမရှိခြင်းဖြင့် စားသမျှအာဟာရကိုလည်း ကောင်းမွန်စွာရရှိမည်ဖြစ်သည်။ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးကို အနည်းဆုံး ငါးနှစ်ဆက်တိုက်ကျွေးရပြီး နေရာတစ်ခုတွင်တစ်ပတ်အတွင်း တစ်ချိန်တည်း တစ်ပြိုင်နက် လူအကုန်သောက်ရခြင်းဖြင့် ပိုးအရေအတွက် တစ်ပြိုင်တည်းလျော့ကျသွားသည့်အတွက် ခြင်ကိုက်သော်လည်း ကူးစက်မှုမဖြစ်နိုင်တော့ပေ။ ယင်းကာကွယ်ဆေးကို ဆင်ခြေထောက်ပိုးတွေ့ထားသူများ၊ ရောဂါလက္ခဏာမပြဘဲ ငုပ်နေသူများသောက်ပါက ပိုးများသေဆုံး၍ ရောဂါပိုးကင်းစင်သွားမည်ဖြစ်ပြီး ခန္ဓာကိုယ်အတွင်း ပိုးမရှိသေးသူများလည်း ရောဂါကူးစက်ခံရမှုက ကာကွယ်နိုင်မည်ဖြစ်၏။ (ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးကို အသက် ၂ နှစ် အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် အခြားရောဂါတစ်ခုခုကြောင့် အိပ်ရာထဲလဲ၍ နေမကောင်းဖြစ်နေသူများ မသောက်သင့်ပေ)

### ဆေး၏ ဘေးထွက်ဆိုးကျိုးများ

ဆေးသောက်ခြင်းဖြင့် လူတိုင်းအားလုံး နီးပါး ထူးထူးခြားခြားပြဿနာများမခံစားရပေ။ Albendazole ၏ ဘေးထွက်ဆိုးကျိုးမှာ ပျို့ခြင်း၊ အန်ခြင်းတို့ဖြစ်သည်။ ဆင်ခြေထောက်ရောဂါ၏ သဘာဝအရ DEC သောက်ပြီးလျှင် ဆင်ခြေထောက်ပိုးများ သေကျေ ပျက်စီးသွားသည့်အတွက် ယင်းတို့မှထွက်လာသော ဓာတ်ပစ္စည်းများကြောင့် ခန္ဓာကိုယ်တွင် ဖျားနာခြင်း၊ အင်ပျဉ်ထွက်ခြင်း၊ ခြေလက်များ ကိုက်ခဲ၍ မသယ်ချင်ဖြစ်ခြင်း၊ ယောကျ်ားများတွင် ငယ်ပါရောင်ခြင်း၊ ခြေထောက်အနည်းငယ်ရောင်လာတတ်ခြင်းတို့ ဖြစ်တတ်သည်။ ယင်းတို့သည် ဆေးသောက်ပြီး ၂၄ နာရီကျော်လျှင် စတင်ပေါ်လာပြီး ၁ ရက် ၂ ရက်အတွင်း ပျောက်သွားမည်ဖြစ်သည်။ (၎င်းဘေးထွက်ဆိုးကျိုးများအတွက် B-6 ၊ ဓာတ်ပစ္စည်းများကြောင့် ဖျားလျှင် Paracetamol နှင့် အင်ပျဉ်ထလျှင် Anti histamine တို့ တွဲသောက်ပေးနိုင်၏)

### ဆင်ခြေထောက်ရောဂါအတွက် အိမ်တွင်းကုထုံးလေးများ

(၁) သစ်ကြားသီးက သင်ရေ (သွေးရည်ကြည်)ထဲရှိ သက်ကြီးသန်ကောင်များကို ရာနှုန်းပြည့်နီးပါး တိုက်ထုတ်ပေးနိုင်သည်။

(၂) တမာပင်ထဲမှာပါရှိသော lactones (ခေါ်) ဆေးဖက်ဝင် သဘာဝဓာတုပစ္စည်းတစ်မျိုးက ဆင်ခြေထောက်ဖြစ်စေနိုင်သည့် ကပ်ပါး သန်ကောင်များကို သတ်ပေးနိုင်သဖြင့် တမာပင်စည်ခေါက်ကို ပြုတ်သောက်ပါ။

(၃) လေးညှင်းပွင့်က သွေးကြောထဲရှိ မျက်စေ့ဖြင့် မမြင်နိုင်သော ကပ်ပါးပိုးများကို သေစေနိုင်သဖြင့် လေးညှင်းပွင့် စားပါ (သို့မဟုတ်) လေးညှင့်ပွင့်အခြောက်မှုန့်ကို ကော်ဖီ၊ လက်ဖက်ရည်ထဲ ထည့်သောက်ပါ။

(၄) ကြက်သွန်ဖြူမှာ ဆင်ခြေထောက်ရောဂါပိုးကို တိုက်ထုတ်ပေးနိုင်သည့် အစွမ်းသတ္တိပါရှိသဖြင့် ကြက်သွန်ဖြူ တစ်နေ့လေးမွှာနှုန်းဖြင့် တစ်လတိတိ စားပေးပါ။

(၅) နာနတ်သီးထဲရှိ သဘာဝအင်ဇိုင်းဓာတ်များက ကပ်ပါးပိုးများကို တိုက်ထုတ်ပေးနိုင်သည်။

(၆) ဗီတာမင်အေ ကြွယ်ဝသော အစားအများဖြစ်ကြသည့် မုန်လာဥနီ၊ ကန်စွန်းဥ၊ တရုတ်ဇီးချိုသီးများက ကပ်ပါးပိုးများအန္တရာယ်မှ ကာကွယ်ကာ ကိုယ်ခံစွမ်းအား တိုးတက်မြင့်မားလာစေသည်။

(၇) အနက်ရောင် ခွေးလေှးယားသီးပင်အမြစ်ကို အမှုန့်ကြိတ်ပြီး ပဲဆီနှင့်ချက်၍ ထိုဆီဖြင့် လိမ်းပေးပါ။

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေး မုံရွာတွင် ခုတင်(၅၀၀)ဆံ့ အထပ်မြင့်ဆေးရုံကြီးတည်ဆောက်လျက်ရှိ



**မုံရွာ နိုဝင်ဘာ ၁၂**

"အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုသည့်အတိုင်း ပြည်သူများ၏ နေ့စဉ်လူမှုဘဝတွင် ကျန်းမာခြင်းနှင့်ပြည့်စုံစေရေး ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ခုတင် (၅၀၀)ဆံ့ အထပ်မြင့်ဆေးရုံကြီးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသည် ယခုလက်ရှိအချိန်တွင် ခုတင် (၂၀၀) ဆံ့ ဆေးရုံဖြစ်ရာ တိုးပွားလာသော လူဦးရေကြောင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် နေရာအခက်အခဲများ မဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ခုတင်(၅၀၀)ဆံ့ဆေးရုံကြီး တည်ဆောက်လျက်ရှိရာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ယခုထက်ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

မုံရွာ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအား Decor Space Co;Ltd ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး နိုဝင်ဘာ ၁၁ ရက်က အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ရွေးကောက်ပွဲစေ့စပ်ညှိနှိုင်းရေး ကော်မတီစည်းဝေး

**မြင်းမူ နိုဝင်ဘာ ၁၂**

မြင်းမူမြို့နယ်ရုံးတွင် နိုဝင်ဘာ ၁၁ရက် နံနက်ပိုင်းက မြင်းမူမြို့နယ်စေ့စပ်ညှိနှိုင်းရေးအဖွဲ့ဝင်များ ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအားလုံးတက်ရောက်ပြီး ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှုများကိုဆွေးနွေးသုံးသပ်ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးညဏ်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူးများ တက်ရောက်ခဲ့ကြသည်။ (၆၂၄)

# ကမ္ဘာ့ရေထု

# (Earth's Hydrosphere)



ဘူမိလုလင်(မြိတ်)

**ယခင်အပတ်မှအဆက်**

**သမုဒ္ဒရာချောက်ပိုင်း**

သမုဒ္ဒရာချောက်ပိုင်းသည် အနက်ပေ ၂၀၀၀၀ ထက် ပိုနက်သည့်အပိုင်းဖြစ်သည်။ ကျွန်းတန်းကွေးများ (Island Arc) နှင့် ယှဉ်လျက် ဖြစ်ပေါ်လျက်ရှိ၍ သမုဒ္ဒရာဘက်ခြမ်းတွင် ကျရောက်တည်ရှိသည်။ သမုဒ္ဒရာချောက်ကြီးများသည် သမုဒ္ဒရာကြမ်းပြင်၌ ဖြစ်ပေါ်လျက်ရှိသော အလွန်ကျဉ်းမြောင်းရှည်လျားသည့် မဟာချိုင့်ခွက်ကြီးများ ပင်ဖြစ်၍ ကီလိုမီတာ ထောင်ပေါင်းများစွာ ရှည်လျားကြသည်။

သမုဒ္ဒရာချောက်ကြီးတို့သည် မြေထုချပ်ကြီး (Plate) နှစ်ချပ် မျက်နှာချင်းဆိုင်ဆီသို့ ရွေ့လျားလာကြရင်း ထိပ်တိုက်ဆုံစည်းတိုက်မိကြရာမှ သိပ်သည်းဆများသော မြေထုချပ်က သိပ်သည်းဆနည်းသော မြေထုချပ်အောက် စိုက်ဝင်သွားရာမှ ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။ ဥပမာ- ပစိဖိတ်သမုဒ္ဒရာ ဂူအမ်ကျွန်းစုအနီးရှိမာရီယာနာချောက် (Marianas Trench) သည် ပစိဖိတ်မြေထုချပ်ကြီးနှင့် ဖိလစ်ပိုင်မြေထုချပ်ငယ်တို့ ဆုံစည်းတိုက်မိကြရာမှ ဖြစ်ပေါ်လာခဲ့ခြင်းပင်ဖြစ်သည်။ ၎င်းမာရီယာနာချောက်သည် ၁၁ ကီလိုမီတာကျော် (၁၁၀၃၄ မီတာ) နက်၍ ကမ္ဘာ့ရေအနက်ဆုံးနေရာပင်ဖြစ်သည်။

ကမ္ဘာ့မြေပြင်ပေါ်ရှိ အမြင့်ဆုံးတောင်တန်းကြီးဖြစ်သော ဟိမဝန္တာတောင်တန်းကြီးရှိ ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည့် ဧဝရက်တောင်ထိပ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၉ ကီလိုမီတာမြင့်သည်ဖြစ်ရာ ဧဝရက်တောင်ကြီးအား မာရီယာနာချောက်ကြီးထဲသို့ အသာလေးထည့်ဝှက်ထားနိုင်သည်ဟု ပညာရှင်များက တင်စားခိုင်းနှိုင်းပြထားပါသည်။

**ပင်လယ်သမုဒ္ဒရာတို့၏ ဘူမိလုပ်ငန်း**

ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေတို့သည် လေ၏တိုက်ခတ်မောင်းနှင်မှုကြောင့် အစဉ်ရွေ့လျားနေကြရသည်။ ၎င်းတို့သည် လှိုင်း (Waves)၊ ဒီရေ (Tides) နှင့် ရေစီးကြောင်း (Currents) တို့အသွင်ဖြင့် ရွေ့လျားကာ ပင်လယ်တွင်း ဘူမိလုပ်ငန်းများဖြစ်သော တိုက်စားခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ပို့ချခြင်းတို့ကို လုပ်ဆောင်နေကြလေသည်။

**မြစ်ချောင်း၊ အင်းအိုင်များနှင့် ရေခဲမြစ် ရေခဲလွှင်ပြင်ကြီးများ**

မြစ်ချောင်း၊ အင်းအိုင်များရှိ ရေ၊ မြေအောက်ရေ၊ ရေခဲမြစ် (Glacier)၊ ရေခဲလွှင်ပြင်ကြီးများ (Ice Sheet)၊ မြင့်မားသော တောင်ထိပ်များရှိ ရေခဲထုများနှင့် ဝင်ရိုးစွန်းတို့ရှိ ရေခဲထုများအားလုံးသည် ရေချိုထုပင်ဖြစ်၍ ကမ္ဘာ့ရေထု၏ ၃ ရာခိုင်နှုန်းမျှသာရှိချေသည်။ သို့သော် ထို ၃ ရာခိုင်နှုန်းမျှသော ရေချိုထုသည်ပင် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါတို့ အသက်ရှင်သန်ရေးအတွက် ယနေ့တိုင် လုံလောက်နေပေသေးသည်ဖြစ်ရာ အဘယ်မျှ တန်ဘိုးကြီးမားလှသည်ကို သင်တွေးဆနိုင်ပါလိမ့်မည်။

မြစ်ချောင်းအင်းအိုင်တို့ရှိ ရေတို့နှင့် မြင့်မားသော တောင်ထိပ်တို့ရှိ ရေခဲထုတို့သည်လည်း ပင်လယ်ရေ သံသရာလည်သကဲ့သို့ ရေသံသရာလည်နေကြပါသည်။ ထို့အပြင် ၎င်းမြစ်ချောင်းစသည့် စီးဆင်းရေတို့နှင့် ရေခဲမြစ်တို့သည်လည်း တိုက်စားခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ပို့ချခြင်းဆိုသော ဘူမိလုပ်ငန်းဖြစ်စဉ်တို့ကို လုပ်ဆောင်နေကြပေသည်။

**လူ့စည်းဖောက်လို့ အိုဇုန်းပေါက်ကာ ဥတုမောက်မာလာနေပြီ**

စည်းဆိုတာ ရှိပါ၏။ လူစည်း၊ ဘီလူးစည်း၊ သူ့စည်းကိုယ့်စည်း။ လူသားတို့၏ စည်းဖောက်မှု၊ လောဘဇောတိုက်မဆင်မချင်ပြုမူလာမှုကြောင့် ကမ္ဘာ့လေထု၊ ရေထု၊ မြေထုတို့ တစ်စတစ်စ ယိုယွင်းပျက်စီးလာခဲ့ပြီး တန်ပြန်ဂယက်ထလာမှုကြောင့် ဘေးဆိုးကြီးများ ကမ္ဘာတစ်ဝန်း ကျရောက်ရိုက်ခတ်လာမှု ပိုမိုများပြားလာ၊ စိပ်လာနေသည်ကို သတိမူက သိမြင်နိုင်ပါလိမ့်မည်။ အသိသာဆုံး သာဓကမှာ ကမ္ဘာကြီး တစ်နေ့တခြား ပိုမိုပူနွေးလာနေခြင်းနှင့် လေထုရေထုတို့ သိသာစွာ ညစ်ညမ်းလာနေခြင်းပင်ဖြစ်သည်။

လက်တွေ့အနည်းငယ် အပြောကြွယ်ကြွယ်ဖြင့် သည်ပုံအတိုင်းသာ ဆက်လက်ခရီးနှင်ထင်ရာစိုင်းနေကြဦးမည်ရှိသော် နောင်လာမည့် ဆယ်စုနှစ်များအတွင်း၌ပင် ကျွန်တော်တို့၏ မျိုးဆက်သစ်လူသားတို့သည် အာကာသ အတွင်းရောက်နေဘိသည့်ပမာ အပြင်ထွက်တိုင်း အထူးဝတ်စုံတို့ကို ဝတ်ဆင်၍ လေဘူး (ရေဘူး) ကိုယ်စီဖြင့် သွားလာကြရမည့်ကိန်းဆိုက်လာခဲ့သည်ရှိသော် . . .

ယခုပင် ဤကိန်းဆိုက်မည့်ရှေ့ပြေးနိမိတ်ပုံရိပ်များ ကမ္ဘာ့နေရာအနှံ့ တွေ့မြင်နေကြရပြီဖြစ်သည်။ ပြီးခဲ့သည့် နှစ်များမှစ၍ ရန်ကုန်မြို့တွင် ယာဉ်ကြောအလွန်ပိတ်ဆို့လာခြင်းကြောင့် ရန်ကုန်သူ ရန်ကုန်သားတို့ အလုပ်သွားအလုပ်ပြန် ကား၊ ရထားတို့ပေါ်တွင် ရေဘူးများ ယူဆောင်နေရပြီမဟုတ်တုံလော။ နွေကာလ ပူပြင်းလွန်းသည့်နေ့ခင်းဖက် အပြင်ထွက်က ခရမ်းလွန်ရောင်ခြည်ဒဏ် မခံရအောင် (အိုဇုန်းလွှာပေါက်ပြဲလာမှု) ကာကွယ်ဝတ်ဆင်သွားလာနေရပြီမဟုတ်တုံလော။ တချို့နိုင်ငံတွင် လေထုညစ်ညမ်းလာ၍ မျက်နှာဖုံး (Dust Mask) များဖြင့် သွားလာနေကြရပြီမဟုတ်ပါသလော (ဥပမာ- တရုတ်နိုင်ငံမြို့ကြီးများ၊ စင်ကာပူ၊ မလေး၊ အင်ဒိုနီးရှားတို့တွင် အင်ဒိုတောမီးကြောင့် ဖြစ်ပေါ်ဖုံးလွှမ်းကျရောက်လာသည့် မီးခိုးပြာမြူမှုန်များ)။ ကျေးလက်နေပြည်သူတို့သည်လည်း ယခင်သောက်သုံးခဲ့သည့် မြစ်ချောင်းရေတို့ကို ယခုအခါ သောက်ဖို့နေနေသာသာ သုံးဖို့ပင် (ပြဒါး၊ ဓာတုပစ္စည်းများ ပါဝင်နေမှု) ခက်နေပြီ မဟုတ်ပါသလော (ဥပမာ- ဥယု၊ ချင်းတွင်း)

**သမိုင်းတရားခံမဖြစ်အောင်**

ကျွန်တော်တို့ ဘိုးဘေးဘီဘင်တို့၏ အမြော်အမြင်ကြီးမားမှုကြောင့် ကျွန်တော်တို့၏ ငယ်ဘဝများ သာယာစိုပြည် သန့်ရှင်းကောင်းမွန်စွာ ကြီးပြင်းလာခဲ့ရသလို နိုင်ငံသားတိုင်းသည်လည်း သူ့အဆင့်သူ့အလွှာနှင့်သူ ကြီးပွားချမ်းသာ ဝပြောကြရုံမက၊ အမိနိုင်ငံတော်ကြီးသည်လည်း ကမ္ဘာ့အလယ် ဂုဏ်ကြွယ်ခဲ့ရ (ဥပမာ- အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံသားများ လာရောက်အလုပ်လုပ်ကိုင် အားထားငွေရှာလုပ်ကိုင်စားသောက်မှီခိုရာ ဒေသရပ်ဝန်း တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း၊ မင်္ဂလာဒုံလေဆိပ်နှင့် ဦးဝိစာရလမ်းတို့၏ ကျက်သရေ၊ သန့်ရှင်းလှပသည့် ဂုဏ်သတင်း၊ မောင်ကောင်း-စံလင်းခေတ် မြန်မာ့ငွေကြေးခိုင်မာမှု ဂုဏ်ပုဒ်စသည်) ရွှေထီးဆောင်း မျက်နှာပွင့်ခဲ့ရသည် မဟုတ်ပါလော။

ယခု ကျွန်တော်တို့ တဖန်ပြန်လည်၍ အမွေပေးကြရပေတော့မည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန အမိုက်တရားတို့ လွှမ်းမိုးနေကြပြီး ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်လုယက်နေကြ၍ စည်းကမ်းမဲ့ မဆင်မခြင် ပြုမူနေကြသည့် ဤလူ့ရွာကမ္ဘာကြီး၏ ဤခေတ်ဤအချိန်ကာလမျိုးတွင် ကောင်းမွေပေးခဲ့နိုင်ရန် ခက်ခဲမည်မှာ ဧကန်တည်း။ အဘယ်မျှပင် ခက်ခဲပါစေ ကျွန်တော်တို့သည် သမိုင်းတရားခံမဖြစ်အောင် ယိုယွင်းယိမ်းယိုင်လာနေသည့် ကမ္ဘာ့စဖီးယားကြီးများ ယခုထက်ပိုမဆိုးသွားဖို့ အရေး ဝိုင်းဝန်းထိန်းသိမ်းကွပ်ကဲစောင့်ရှောက်ပေးကြရမည့် ပခုံးပြောင်းတာဝန်ရှိသလို တာဝန်ကျရောက်လာနေပြီမဟုတ်လေသလော။ သင်ရေမြေချစ်သူဖြစ်စေချင်သည်။

Fef: The British Council စာကြည့်တိုက် သိပ္ပံဘာသာရပ်ဆိုင်ရာ စာအုပ်များမှ ကောက်နုတ်ပြန်ဆိုထားသည်။

Internet, Earth's Spheres, Hydrosphere

---

## ကြော်ငြာစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

## မြစ်ကြီးနားခရိုင်တရားရုံး

## ၂၀၁၅ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၂၃

ဒေါ်အင်ရှန်းလုပါ--- လျှောက်ထားသူ

ကွယ်လွန်သူ ဒေါ်လုနန်၏ ကျန်ရှိသော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

အိမ်အမှတ်-၁၆၄၊ နယ်မြေ (၅)၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်လုနန်၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည်အကြောင်းနှင့် ဒေါ်အင်ရှန်းလုပါက အမွေဆက်ခံခွင့် အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက် (၁၃၇၇ခုနှစ်၊ နတ်တော်လဆန်း ၃ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်လုနန်၏ ကျန်ရှိ ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည့် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါ အမှုတွင် ၎င်းတို့ လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ဆိုခဲ့သော ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက် (၁၃၇၇ခုနှစ်၊ နတ်တော်လဆန်း ၃ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်ထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက် ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်အင်ရှန်းလုပါ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင် ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၉ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

## မြစ်ကြီးနားခရိုင်တရားမရုံး၌

## ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃

ဦးဂွမ်ဆောင် နှင့် ဒေါ်ဂျာခွဲပါ(၄)ဦး

(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဂျာအောင်)

(တရားလို) (တရားပြိုင်များ)

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၁၂)နေ ဦးဇော်ဂမ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ သင့်အပေါ် တရားလို ဦးဂွမ်ဆောင်က အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူအား နှင်ထုတ်ပေးစေလိုမှုနှင့် မြေဂရန်မူရင်းလက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက် (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ လွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၉ရက်၊ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ဆွေလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြစ်ကြီးနားခရိုင်တရားရုံး**

---

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်
## (မဟာဓာတ်အားလိုင်းပြင်ပ(Off-grid) မီးလင်းရေးစနစ်)
## ဆွေးနွေးပွဲတက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍မဟာဓာတ်အားလိုင်းပြင်ပ(Off-grid) မီးလင်းရေးစနစ်ဆောင်ရွက်မည်ဖြစ်ပါသည်။ မဟာဓာတ်အားလိုင်းပြင်ပ (Off-grid) မီးလင်းရေးစနစ်တွင်ပါဝင်သော ဆိုလာမီးလင်းရေးလုပ်ငန်းများအတွက် အစည်းအဝေးပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) ဝယ်ယူရေးဆိုင်ရာကိစ္စများဆွေးနွေးခြင်း (Procurement)
- နေရာ - Sule Shangrila Hotel (ရန်ကုန်)
- အချိန် - နံနက်(၈း၃၀)မှ နေ့လယ်(၁၂း၀၀)အထိ
- ရက်စွဲ - ၂၄-၁၁-၂၀၁၅(အင်္ဂါနေ့)

(၂) နည်းပညာပိုင်းဆိုင်ရာဆွေးနွေးခြင်း (Technical and Consultation)
- နေရာ - Sule Shangrila Hotel (ရန်ကုန်)
- အချိန် - နံနက်(၈း၃၀)မှ နေ့လယ်(၁၂း၀၀)အထိ
- ရက်စွဲ - ၄-၁၂-၂၀၁၅(သောကြာနေ့)

မှတ်ချက်။ ထိုင်ခုံနေရာ အဆင်ပြေစေရေးအတွက် အစည်းဝေးတက်ရောက်မည့် အဖွဲ့အစည်း၊ ကုမ္ပဏီများအနေဖြင့် ဖုန်းနံပါတ်(၀၆၇-၄၀၉၅၂၉၊ ၀၆၇-၄၀၉၄၀၆၊ ၀၉-၂၅၀၄၀၃၅၀၃)နှင့် Email (dr.soesoeohn@gmail.com, neppmo.drd@gmail .com, cdevil@worldbank.org) တို့သို့ (၂၀-၁၁-၂၀၁၅)ရက် သောကြာနေ့ နောက်ဆုံးထား၍ ပြန်ကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀/သုဝဏ္ဏ(ဘုရားအနီး)၊ မြေကွက်အမှတ်-၂၁၃၊ မြေကွက်တည်နေရာအမှတ်(၂၁၃)၊ ငုဝါလမ်း၊ ၃၀ရပ်ကွက်၊ သုဝဏ္ဏ(ဗိုလ်မှူးချုပ်ကျော်ဝင်း)[၇/ရတရ (နိုင်)၀၇၁၈၃၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း) ကွယ်လွန်၍ ဒေါ်ခင်ဆွေ[၇/ရတရ(နိုင်)၀၇၁၉၃၇]က တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထောက်ခံချက်၊ ကျမ်းကျိန်လွှာ နှင့်အတူ ဒေါ်ခင်ဆွေထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၄/၉၄၂၆/၂၀၁၅ရရှိထားသူ ဦးကျော်ဇော[၈/ရစက(နိုင်)၀၀၀၆၁၆]မှပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မျိုးဆက်သစ်တို့ထိန်းသိမ်းရမည့် ယဉ်ကျေးမှုအမွေ

**à** တင်မောင်(မန်းကိုယ်ပွား)

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြို့တော်ပေါင်းများစွာရှိခဲ့ပြီး သမိုင်းတွင်ထင်ရှားသော မြို့တော်ဟောင်းများမှာ တကောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ဟံသာဝတီ၊ ကေတုမတီ၊ ရွှေဘို၊ အမရပူရ၊ မန္တလေး စသည့်မြို့ဟောင်းတို့ ဖြစ်ကြသည်။

ယင်းမြို့ဟောင်းများအနက် မန္တလေးသည် သက်တမ်းကာလ မကြာသေးသည့်အလျှောက် အကောင်းဆုံးနှင့် အတောက်ပဆုံး ကျန်ရစ်တည်ရှိနေပါသည်။

မန္တလေးမြို့တော်သည် ကုန်းဘောင်မင်းဆက် နောက်ဆုံးထီးနန်းစိုက်ရာ ရွှေဟောင်းမြို့တော်ဖြစ်ပြီး ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းသည် ၁၂၂၁ ခုနှစ်တွင် မန္တလေးကို အမရပူရမှ ရွှေ့ပြောင်းထီးနန်းစံကာ ၁၂၄၇ ခုနှစ်တွင် မြန်မာနိုင်ငံအား အင်္ဂလိပ်တို့က ရေကြောင်းမှ တက်ရောက်သိမ်းပိုက်သည်။

သီပေါမင်းပါတော်မူပြီး မြန်မာနိုင်ငံထီးကျိုးစည်ပေါက်သူ့ကျွန်အောက်ရောက်ခဲ့ရကာ နယ်ချဲ့လက်အောက်ရောက်သွားသော ရတနာပုံမန္တလေးသည် ယဉ်ကျေးမှုများ ဆိတ်သုဉ်းခဲ့ရသည်။ ဒုတိယကမ္ဘာစစ်တွင် မြန်မာတို့ မြတ်မြတ်နိုးနိုး ထိန်းသိမ်းထားခဲ့သော နန်းတော်အပါအဝင် ရှေးဟောင်းအဆောက်အအုံများ မြန်မာ့ယဉ်ကျေးမှု ပန်းပုလက်ရာများဖြင့် တည်ဆောက်ထားသော ဘုန်းတော်ကြီးကျောင်းများ မီးလောင်ဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အစိုးရအဆက်ဆက်တို့က မန္တလေးမြို့တော်အား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်။ ရှေးဟောင်းအဆောက်အအုံများ နန်းတော်မြို့ရိုးနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်ခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တွင် မြနန်းစံကျော် ရွှေနန်းတော်နှင့် မြို့ရိုးပတ်လည်ရှိ ပြအိုး၊ ပစွင် ပျက်စီးမှုများ ရှေးမူမပျက် တည်ဆောက်ခဲ့ကြသည်။ အတုမရှိကျောင်းတော်၊ ရွှေကျင်ကျောင်းတော်၊ ယောမင်းကြီးကျောင်း စသည်တို့ကိုလည်း ရှေးမူမပျက် ဆောင်ရွက်ခဲ့သည်။

သတ္တဌာနအပါအဝင် ကျုံးတော်ကိုလည်း ဆည်ဖို့ပြုပြင်ခဲ့ကြပြီး ကျန်ရှိနေသည့် သတ္တဌာနဝင်သုံးခုဖြစ်သော သုဓမ္မာရွှေဇရပ်တော်၊ ပဌာန်းဟောရွှေသိမ်တော်၊ ပိဋကတ်တိုက်တော်တို့ကို ရှေးမူမပျက် ပြန်လည်တည်ဆောက်ခဲ့ပြီး ၎င်းတို့အနီးရှိ သုဓမ္မာကျောင်းတော်ကိုလည်း ပြန်လည်တူးဖော် တည်ဆောက်ပေးခဲ့သည်။ ဤသည်မှာ မန္တလေးရွှေဟောင်းမြို့တော်၏ ပျက်စီးပျောက်ကွယ်ခဲ့သော သတ္တဌာနအား ဖော်ထုတ်၍ အပြည့်အစုံ တည်ဆောက်ပြသနိုင်ခဲ့ကြပြီဖြစ်သည်။

သမိုင်းဝင် ယဉ်ကျေးမှုအဆောက်အအုံများ စုဝေးတည်ရှိနေသည့် မန္တလေးတောင်ခြေဝန်းကျင်သည် ယခုအခါ သမိုင်းဝင်ထုထည်ကြီးမားသော ယဉ်ကျေးမှုဗိမာန်ကြီးပမာ တည်ရှိနေခဲ့ပြီး နိုင်ငံခြားသား ခရီးသွားများလည်း နေ့စဉ်နှင့်အမျှ လာရောက်လေ့လာလျက်ရှိကာ ၂၀၁၃ ခုနှစ်တွင် မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားအတွင်းရှိ မင်းတုန်းမင်းကြီး၏ ပိဋကတ်သုံးပုံကျောက်စာ ၇၂၉ ချပ်ကို UNESCO ယဉ်ကျေးမှုအဖွဲ့၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ကြေညာခြင်းခံခဲ့ရသည်။

အတိတ်က ဘိုးဘွားအမွေဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ပစ္စုပ္ပန်ကာလတွင် ထိန်းသိမ်းရင်း အနာဂတ်တွင် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးခဲ့ရန်မှာ မန္တလေးပြည်သူတို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါသည်။ သို့မှသာ မန္တလေးမြို့တော်သည် ယဉ်ကျေးမှုအမွေအနှစ်များကြောင့် နောင်တွင်လည်း ဆက်လက်ထင်ရှားနေမည်ဖြစ်ပါသည်။

မန္တလေးယဉ်ကျေးမှုသည် မြန်မာ့ယဉ်ကျေးမှုပင် ဖြစ်ပါသည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်။ လူမျိုးပျောက်လျှင် တိုင်းပြည်မြို့တော် ပျောက်မည်။ ထို့ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် မန္တလေးမြို့တော်သူ မြို့တော်သားများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

## မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံဆောက်လုပ်မှုပြီးစီး

**ကံမ နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ် ဆောက်လုပ်နေမှုမှာ နိုဝင်ဘာ ၁၁ ရက်တွင် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဘဏ်ခွဲအသစ်မှာ အလျား ပေ ၃၀၊ အနံ ပေ ၆၀၊ အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ်သိန်း ၇၀၀ ဖြင့် မိုးမြေအောင်လံကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြစ်ပေါ်လာသည့် သမိုင်းကြောင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းစဉ်များ၊ ထွေအုပ်ဝန်ထမ်းတစ်ဦးချင်းစီတွင်ရှိရမည့် အရည်အချင်းကောင်းများ၊ လိုက်နာရမည့် စည်းကမ်းများ၊ မိမိတို့၏ ကိုယ်စီတာဝန်များကို ကျေပွန်စွာ အမှားအယွင်းမရှိ ဆောင်ရွက်နိုင်ကြရန်နှင့် ဝန်ထမ်းကောင်းပီသစွာ ကျင့်ကြံဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ၂၀ ဦးနှင့် ထွေအုပ်ဝန်ထမ်း ၅၃ ဦးတို့အတွက် တူညီဝတ်စုံများ ကျပ် ၆၃၀၀၀၀ တန်ဖိုးနှင့် ကံစမ်းမဲများအတွက် ပစ္စည်း ၇၄ မျိုး တန်ဖိုးကျပ် ၄၃၀၀၀၀ တန်ဖိုးတို့ကို မဲဖောက်ပေးခဲ့သည်။ **(၆၈၄)**

## ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် သီးနှံများ စိုက်ပျိုးချိန် နောက်ကျသော်လည်း အောင်မြင်ဖြစ်ထွန်း



**မုံရွာ နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေသည် စံချိန်တင်မြင့်တက်ခဲ့ပြီး ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ရေဝင်ဒေသများဖြစ်သည့် မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်နှင့် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေဝင်ဒေသများတွင် မြစ်ရေကြီးချိန်ကြာမြင့်ခဲ့သဖြင့် နှစ်စဉ် ပုံမှန်စိုက်ပျိုးချိန်ထက် ယခုနှစ်တွင် အစိုက်နောက်ကျသဖြင့် အပင်ဖြစ်နှုန်းကောင်းပြီး သီးနှံထွက်ချိန်နောက်ကျသွားကာ ရာသီသီးနှံများအဖြစ် ကိုက်လံ၊ မုန်လာဥဖြူ ပန်းမုန်လာ၊ မုံညှင်း၊ ရုံးပတီသီး၊ ပန်းမျိုးစုံတို့အပြင် ခရမ်းချဉ်၊ ငရုတ်၊ ပဲနောက်၊ စီပီပြောင်းတို့ကို စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"မြစ်ရေဝင်ဒေသမှာရှိတဲ့ စိုက်ပျိုးမြေအတော်များများတော့ ပြန်ပြီးစိုက်နေကြပြီ။ အခုနှစ်မြစ်ရေက အတော်ကိုကြီးခဲ့တာ။ တစ်ခါမှမကြုံဘူးဖူး။ မြစ်ရေပြန်ကျသွားတော့လည်း နွံ့နှစ်တွေ နုန်းသားတွေကျန်ခဲ့တယ်၊ ဒါတောင် တချို့တွေဆို ရေအနည်းငယ် ခုထိရှိကြသေးတယ်။ စိုက်ပျိုးမြေကတော့ ပြောင်းလဲသွားတယ်လို့ ပြောရမယ်။ ရေကြီးချိန်က ၁၀ ရက်လောက်ကြာတဲ့အတွက် စိုက်ပျိုးလို့ရတဲ့အထိစောင့်ရတော့ စိုက်ပျိုးချိန်တော့ နောက်ကျပါတယ်။

"ကျွန်တော်ကတော့ ရာသီသီးနှံမျိုးစုံနဲ့ ခရမ်းချဉ်းကိုစိုက်ပါတယ်။ မိသားစုများတော့ ကိုယ်တိုင်စိုက်ပြီး ကိုယ်တိုင်ရောင်းပါတယ်။ ဒီနှစ်က မြစ်ရေကြီးထားတော့ နုန်းသားကလည်း တက်ပြီး အစိုဓာတ်ကောင်းကောင်းရတဲ့အတွက် အပင်ဖြစ်နှုန်းကတော့ မနှစ်ကထက်စာရင် အတော်ကိုကောင်းတယ်။ ရေသွင်းလည်း သက်သာတဲ့အတွက် အရင်းနည်းပြီး အကျိုးအမြတ်တော့ များမယ်လို့ထင်တယ်။ ရောဂါပိုးနဲ့ မှိုရောဂါကိုတော့ သတိထားရမယ်"ဟု ရေဝင်ဒေသမှ တောင်သူတစ်ဦးကပြောသည်။

**ဖိုးချမ်း(မုံရွာ)**

## မန္တလေးမြို့မှ ဘုရားပွဲများတွင် ပလတ်စတစ်ကစားစရာပစ္စည်းများအကြား မြန်မာ့ရိုးရာ မြေထည်များ အသွင်သစ်များဖြင့်ရောင်းချလာ



**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့တွင်သာ ထူးခြားစွာကျင်းပရောင်းချသည့် အိုးပုတ်ပွဲတော်မှသည် မြို့ထဲရှိ ဘုရားပွဲတိုင်း အိုးပုတ် ချိုးရုပ်များနှင့် အခြားမြေထည်ပစ္စည်းများကိုရောင်းချကြပြီး ပလတ်စတစ်ဖြင့်ပြုလုပ်သော ကစားစရာပစ္စည်းများစွာအကြား ရိုးရာမြေထည်များကို ယနေ့တိုင် နှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိသည်။ မန္တလေးမြို့တွင်ရောင်းချသော လှပစွာပြုလုပ်ထားသည့် မြေထည်များကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးရွာမှ အဓိကပြုလုပ်ရောင်းချသည်။ သီတင်းကျွတ်လပြည့်နောက်ပိုင်းတွင် မန္တလေးမြို့ရှိ ရပ်ကွက်အသီးသီးတွင် ဘုရားပွဲများ ကျင်းပလေ့ရှိသည်။ ဘုရားပွဲ၊ ကထိန်ပွဲများတွင် ဈေးတန်းများဖြင့် ရောင်းချလေ့ရှိသည်။ ထိုပွဲဈေးတန်းများတွင် ယနေ့တိုင် နေရာယူထားသောအရာမှာ မြန်မာ့ရိုးရာ မြေထည်ပစ္စည်းများပင်ဖြစ်သည်။

တပ်ကြီးရွာသည် မြေသောက်ရေအိုး၊ ဘုရားညောင်ရေအိုးများမှသည် အခြားမြေထည်ပစ္စည်းများကို တစ်နှစ်ပတ်လုံး ထုတ်လုပ်သည့်ရွာဖြစ်ပြီး ရှေးခေတ်ကတည်းက ယနေ့တိုင် ရွာဘုံရွာပိုင်ဆိုသည့် မြေများကို အိုးလုပ်ရန်အတွက် ထားရှိခြင်းပင်ဖြစ်သည်။

ထိုမြေကို ထော်လာဂျီများဖြင့် တိုက်ယူကာ တစ်နှစ်ပတ်လုံး မြေထည်ပစ္စည်းများကို ထုတ်လုပ်ကြပြီး တပ်ကြီးသောက်ရေအိုးနှင့် ညောင်ရေအိုးမှာ ဒေသအနှံ့ တင်ပို့ရောင်းချကြကာ တပ်ကြီးရွာထွက် မြန်မာ့ရိုးရာ အိုးပုတ်၊ ချိုးရုပ်ကလေးများ၊ ထမင်းအိုး၊ ဟင်းအိုးကလေးများ၊ မြေငရုတ်ဆုံ ကလေးများမှအစ လှပစွာပြုလုပ်ရောင်းချကြသည်။

ရောင်းချသည့်မြေထည်ပစ္စည်းများထဲတွင် စဘူးလေးများကို ပစ်တိုင်းထောင်ပုံအသေးအကြီးမှအစ လှပသော ရွှေဖရုံသီးပုံများဖြင့် ပြုလုပ်ရောင်းချကြသည်လည်းတွေ့ရပြီး မြန်မာ့ရိုးရာမြေထည် အိုးပုတ်၊ ချိုးရုပ်မှအစ အခြားကလေးကစားစရာလေးများကို တစ်ခုလျှင် ၁၀၀ နှုန်းဖြင့် ရောင်းချသည်။

မြေစုဘူးများကိုမူ တစ်လုံးလျှင်ငွေကျပ် ၅၀၀ မှ ကျပ် ၁၅၀၀ အထိ အရွယ်အစားပုံသဏ္ဌာန်အလိုက် ရောင်းချကာ လှပသေမြေစုဘူးကြီးများကို အိမ်ခန်းဗီရိုများပေါ်တွင် အလှတင်ကာ ငွေစုရန်အတွက် အများစုဝယ်ယူကြပြီး လက်ရှိကာလတွင် မန္တလေးမြို့ပေါ်ရှိဘုရားပွဲများတွင် မြန်မာ့ရိုးရာ မြေထည်ပစ္စည်းများမှာ နေရာယူလွှမ်းမိုးထားလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## မကွေးမြို့တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတစ်ခု ဖြစ်သည့် မြို့တွင်းလမ်းပေါက်ဖာထေးမှုဆောင်ရွက်

**မကွေး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီးမြို့တော်ဖြစ်သည့် မကွေးမြို့အား တိုင်းမြို့အင်္ဂါရပ်နှင့်အညီ မြို့ပြလမ်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကတ္တရာလမ်းသစ်များခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာများခင်းခြင်း၊ ရေပိတ်လွှာများခင်းခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ဆောင်ရွက်နေသကဲ့သို့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတစ်ခုဖြစ်သည့် မြို့တွင်းလမ်းပေါက်များဖာထေးခြင်းလုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး၏ ပေါင်းစပ်ညှိနှိုင်းမှုအရ လမ်းဦးစီးဌာန (ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသာ ကောင်းမွန်ကုမ္ပဏီ၊ မက်စ်မြန်မာကုမ္ပဏီတို့၏ ကူညီမှုများဖြင့် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေများပေါင်းစပ်ကာ ငွေကျပ် ၈၅ သိန်းဖြင့် လမ်းပေါက်ဖာထေးမှုများ ဆောင်ရွက်နေကြောင်း အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်ကျော်အောင်က ပြောသည်။

"၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ(၆)လပိုင်းထဲမှာ လမ်းပေါက်ဖာထေးမှုတွေလုပ်ခဲ့ပါတယ်။ ဒါပေမယ့် မကွေးမှာ မိုးအဆက်မပြတ်ရွာခဲ့တာကြောင့် မြို့တွင်းလမ်းတွေမှာ အပေါက်တွေ၊ ချိုင့်တွေ အများကြီးဖြစ်ခဲ့ရပါတယ်။ ခုလက်ရှိကတော့ နတ်မောက်လမ်း၊ ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာလမ်း၊ ကမ်းနားလမ်း၊ တောင်တွင်းလမ်း၊ မဲထီးလမ်း၊ အ. ထ. က(၁)လမ်းနဲ့ ဆေးရုံလမ်းတွေမှာ လမ်းပေါက်တွေပြန်ဖာပေးနေပါတယ်။ ဒါပြီးရင် အဝေရာလမ်းကို ဆက်လုပ်သွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

မကွေးဒေသခံပြည်သူများအနေဖြင့် ယာဉ်အသုံးပြုရာတွင် လမ်းပေါက်များ၊ ချိုင့်ခွက်များအား ရှောင်ရှားသွားလာနေရသဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရသည့်အနေအထားများ ဖြစ်ပေါ်နိုင်ပြီး ပြုပြင်ဖာထေးမှုများအပေါ် ဒေသခံများက ကျေနပ်မှုရှိသော်လည်း မြို့တွင်းလမ်းများအား မြို့ပြင်လမ်းများကဲ့သို့ အဆင့်မြှင့်တင်ကာ လမ်းအရည်အသွေးများ ပိုမိုကောင်းမွန်လာရန် မျှော်လင့်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## မြန်မာနိုင်ငံသား အယောင်ဆောင်သူအား ထိုင်းတာဝန်ရှိသူများက အရေးယူခြင်း ဆက်လက်ဆောင်ရွက်မည်

**တာချီလိတ် နိုဝင်ဘာ ၁၂**

ထိုင်းနိုင်ငံအတွင်း တရားမဝင်နေထိုင်သူများအား ထိုင်းနိုင်ငံတာဝန်ရှိသူများက နေ့စဉ်စိစစ်ဖမ်းဆီးကာ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခန့်က မြန်မာနိုင်ငံသားဟုဆိုသူတစ်ဦးအား လာရောက်ကူညီစစ်ဆေးပေးပါရန် တာချီလိတ်မြို့ရှိ CNCMC ကော်မတီထံ အကူအညီတောင်းခံလာသည့်အတွက် ကော်မတီဝင် ဦးစည်သူမောင်က မယ်ဆိုင်မြို့ရဲစခန်းတွင် အဆိုပါမြန်မာနိုင်ငံသားဆိုသူအား သွားရောက်စစ်ဆေးခဲ့သည်။



ဓာတ်ပုံ-စည်သူမောင်

ယင်းသို့စစ်ဆေးရာ အဆိုပါမြန်မာနိုင်ငံသားဆိုသူက မိမိသည် ဟိန္ဒူဘာသာဝင်တစ်ဦးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအား ပြင်သစ်အစိုးရအုပ်ချုပ်စဉ်အခါက တာချီလိတ်မြို့ Town House ရပ်ကွက်တွင် မွေးဖွားခဲ့ကြောင်း၊ ထိုင်းသို့မသွားမီ အိန္ဒိယနယ်စပ် ဟိန္ဒူဘုန်းကြီးကျောင်းတွင် စာသင်ခဲ့ကြောင်းနှင့် ထိုင်းနိုင်ငံတွင် နှစ် ၄၀ ခန့်နေထိုင်ခဲ့ကြောင်း စစ်ဆေးခံရာတွင် ပြောကြားခဲ့သည်။

သို့သော် မြန်မာနိုင်ငံတွင် ပြင်သစ်အစိုးရမှ အုပ်ချုပ်ခဲ့ခြင်းမရှိခြင်း၊ တာချီလိတ်မြို့တွင် Town House ရပ်ကွက်မရှိခြင်း၊ ထိုင်းနိုင်ငံတွင် နှစ်ပေါင်း ၄၀ ခန့် နေထိုင်သည်ဟုဆိုသော်လည်း ထိုင်းဘာသာမကျွမ်းကျင်ခြင်း၊ မြန်မာစကားလုံးဝမတတ်ခြင်း စသည့်အချက်များကြောင့် မြန်မာနိုင်ငံသားဟုဆိုလာသူ နပါးလ် (၆၇) နှစ်သည် မြန်မာနိုင်ငံသားလုံးဝမဟုတ်သည့်အတွက် မြန်မာနိုင်ငံမှ လက်ခံနိုင်မည်မဟုတ်ကြောင်း ဦးစည်သူမောင်က ထိုင်းနိုင်ငံတာဝန်ရှိသူများအား ရှင်းလင်းပြောပြခဲ့သည်။

ယင်းကိစ္စအား ထိုင်းနိုင်ငံတာဝန်ရှိသူများက ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## နိုင်ငံတကာရွှေဈေးကွက်တွင် ရောင်းဝယ်ခြင်းနည်းစနစ်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

နိုင်ငံတကာနှင့် မြန်မာ့ရွှေဈေးကွက်တွင်ဝင်ရောက်လုပ်ကိုင်လိုသောသူများ၊ ပြည်တွင်းပြည်ပတွင် ရွှေဝယ်ရောင်းလုပ်လိုသော လုပ်ငန်းရှင်များနှင့် ရွှေပွဲစားလုပ်လိုသော အကျိုးဆောင်ကြီးများ၊ ရွှေဈေးကွက်ခန့်မှန်းသိရှိလိုသူများတွက် လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူနားလည်တတ်ကျွမ်းစေရန် ရည်ရွယ်လျက် Myanmar Golden Link မှ မြန်မာ့ရွှေကမ္ဘာ့ရွှေဈေးကွက်တွင် အသုံးပြုပြီး ရောင်းဝယ်ခြင်းနည်းစနစ်သင်တန်းကို နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်ထိ စာတွေ့ ၂၃ ရက်မှ ၂၆ ရက်ထိ လက်တွေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲထိ မန္တလေးမြို့၌လည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်ထိ စာတွေ့ ၇ ရက်မှ ၁၀ ထိ လက်တွေ့ ညနေ ၅ နာရီ မှ ၆ နာရီခွဲထိ ရန်ကုန်မြို့၌လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်ကြားပို့ချပေးမည့်ဘာသာရပ်များမှာ အွန်လိုင်းအသုံးပြုလျက် နိုင်ငံတကာရွှေဈေးကွက်တွင် ရောင်းဝယ်ခြင်း [Introduction to Electronic Financial Trading (Online Gold Trading)] ရွှေနှင့်ငွေကြေးများ ရောင်းဝယ်ခြင်း မိတ်ဆက် (Introduction to Share Trading) CFDs နည်းအသုံးပြုပြီး ရွှေရောင်းဝယ်ခြင်း (Introduction to CFDs) မြန်မာနှင့် ကမ္ဘာ့ရွှေဈေး အတက်အကျကို ခန့်မှန်းနည်းစနစ်များ (Technical Approach to Global Financial Marketing) စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလအတွင်းတွင် အလေ့အကျင့် Practice ရရန်အတွက် မည်သူမဆို အချိန်မရွေး (အခမဲ့) ပြုလုပ်နိုင်သည့် Free Demo Trading Account များဖြင့်သာ သင်ကြားမည်ဖြစ်ကြောင်း၊ ထိရောက်အကျိုးရှိစေရန်အတွက် တန်းခွဲတစ်ခုလျှင် လူဦးရေ ၂၀ သာ လက်ခံမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းထားရန်လိုအပ်ကြောင်း၊ အသေးစိတ်သိရှိလိုလျှင်သော်လည်းကောင်း၊ စာရင်းပေးသွင်းလိုလျှင်သော်လည်းကောင်း Myanmar Golden Link (ရန်ကုန်) ၀၉ ၉၇၄၄ ၁၈ ၄၄၄၊ (မန္တလေး) ၀၉ ၉၇၄၄ ၁၈ ၅၅၅၊ Hot Line: ၀၉ ၉၇၄၄ ၁၈ ၇၇၇/ ၀၉ ၇၈ ၅၁၆၂၀၆၂ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ၍ ဆိုင်ကယ်တက္ကစီ မောင်းနှင်သူများ ပိုမိုအဆင်ပြေ

**သုဝဏ္ဏဝတီမြို့ နိုဝင်ဘာ ၁၂**



မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ အ. ထ. က (သိမ်ဆိပ်) ကျောင်းအနီး သိမ်ဆိပ်- ဝီယော်-လေးကေလမ်းသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန် သွားပြီဖြစ်သည့်အတွက် ခရီးသည်တင်မော်တော်ယာဉ်လိုင်းများ စနစ်တကျမရှိသေးသော်လည်း ခရီးမိုင်အရှည် ၃၆ မိုင် ၅ ဖာလုံရှိသော အဆိုပါခရီးလမ်းသည် ဆိုင်ကယ်တက္ကစီမောင်းနှင်သူများ ပိုမိုအဆင်ပြေကြောင်း သိရသည်။

ခရီးသွားနှုန်း ဆိုင်ကယ်တက္ကစီခများမှာ သိမ်ဆိပ်-ဝီယော် (၅ မိုင်) ကျပ် ၁၀၀၀၊ သိမ်ဆိပ်-ပိန္နဲတော (၁၅ မိုင်) ကျပ် ၃၀၀၀၊ သိမ်ဆိပ်-လေးကေ (၃၇ မိုင်ခန့်) ကျပ် ၁၀၀၀၀ ခန့် (အချိန်ကာလပေါ်မူတည်) ဖြစ်သည်။

"တစ်နေ့ကို ဆိုင်ကယ်ဆီဖိုး ကွမ်းဆေးလိပ်၊ လက်ဘက်ရည်ဖိုးအပြင် အိမ်ကို ငွေကျပ် ၅၀၀၀ လောက်ပြန်ပေးနိုင်ပါတယ်။ အခေါက်ကြီးရရင်တော့ ၁၀၀၀၀ လောက် ရတာလဲရှိတယ်" ဟု ဆိုင်ကယ်တက္ကစီမောင်းသူ ကိုအငယ်လေးက ပြောသည် ။

သုဝဏ္ဏဝတီမြို့တွင် ဆိုင်ကယ်တက္ကစီ ဂိတ်ပေါင်း ၃ ဂိတ်ရှိရာ ဆိုင်ကယ်တက္ကစီအစီးရေ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

**ကောင်းသန့်သက်စိုး@ဖိုးသား**

**သို့**

**မွေးနေ့ဆုမွန်**

ဖေဖေ မေမေတို့၏ အချစ်ဆုံး တစ်ဦးတည်းသော သားလေး ဖိုးသား၏ ၁၃-၁၁-၂၀၁၅ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် အသက်ရာကျော်ရှည်၍ ကျန်းမာချမ်းသာစွာဖြင့် ပြီးပြည့်စုံသော ဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---

ချစ်သော ဖေဖေ-မေမေ

HAPPY BIRTHDAY

Pho Ther!!!

အချစ်ဆုံး ညီ/မောင်လေး ဖိုးသား၏ 13.11.2015ရက်နေ့တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်မွေးနေ့ပေါင်းရာကျော်တိုင် စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် အောင်မြင်သော စီးပွားရေးပညာရှင်၊ အနုပညာရှင်တစ်ယောက်အဖြစ် သာယာဖြောင့်ဖြူးသော ဘဝလမ်းခရီးကို ထာဝရလျှောက်လှမ်းနိုင်ပြီး ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပါစေလို့ ဆုမွန်ကောင်း တောင်းလျက်---

ချစ်သော အစ်ကို/အစ်မများ
ကိုကြီး-မစု၊ ကိုကြီးအောင်-မီးမီး
ငြိမ်းငြိမ်း-မရည်မွန်၊ မွှေးမွှေး
ချစ်သောတူ/တူမများ
ဂျဲဂျဲ၊ ကဲကဲ၊ ကုကု၊ သုသု၊ တုံတုံ

## နွေစပါးစိုက်ပျိုးရေ ကောင်းမွန်စွာ ဖြန့်ဝေနိုင်ရေး ရေမြောင်းမကြီးများ ပြုပြင်ခြင်းဆောင်ရွက်

**ရေတာရှည် နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ တောင်သူများ နွေစပါး စိုက်ပျိုးနိုင်ရန် ပင်မရေလွှတ်မြောင်းများအား စက်ယန္တရားများဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေဖြင့် ရေတာရှည်-ဘိုးတော်ကုန်း-အင်ဒိုင်း-ဆင်ဝွေ ကျေးရွာအုပ်စုများရှိ လယ်မြေများအား ဖြတ်သန်းသည့် မြောင်းမကြီးအား ပြုပြင်လျက်ရှိကြောင်းသိရသည်။

နှစ်များစွာကြာလာသည်နှင့်အမျှ ဆည်ရေပေးဝေရေးမြောင်းများတွင် နုန်းအမှိုက်များ၊ မြက်များ ပေါက်ကာ ရေစီးရေလာနည်းပါးခြင်းအပြင် လိုအပ်သည့်နေရာများသို့ရေဝင်ရောက်မှု နည်းပါးသွားကာ လယ်ယာစိုက်ပျိုးရေးတွင်အခက်အခဲများ ကြုံကြရကြောင်း တောင်သူတစ်ဦးကပြောသည်။

"အခုလက်ရှိ ပေခုနှစ်သောင်းလုပ်ငန်း ဆောင်ရွက်နေပါတယ်။ ငါးသောင်းကျော်ပြီးစီး သွားပါပြီ" ဟု ဆည်မြောင်းဦးဌာနမှ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်မြင့်က ပြောသည်။

ဆွာချောင်းရေလှောင်တမံဆည်ရေသောက်ဧရိယာတွင် စိုက်ဧကရှစ်သောင်းကျော်ရှိပြီး နွေစပါးသည် မိုးစပါးထက် အထွက်နှုန်းကောင်းမွန်သည့်အတွက် တောင်သူများအနေဖြင့် ရေစီးရေလာကောင်းမွန်ရန်မျော်လင့်လျက် ရှိကာ ယခုကဲ့သို့စပါးဈေးနှုန်း ဆက်လက်ကောင်း မွန်နေပါက တောင်သူများ၏ လူမှုစီးပွားနှင့်လူနေမှု ဘဝများမြင့်မားတိုးတက်လာနိုင်ကြောင်း တောင်သူများက သုံးသပ်ကြသည်။ **ကိုလွင်(ဆွာ)**

# မိုင်းဆတ်ရေအားလျှပ်စစ်စက်ရုံတည်ဆောက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

**တောင်ကြီး နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီနှင့် ဆန်းတက်ပါဝါကုမ္ပဏီ (Suntac Power Co.,Ltd) တို့သည် မိုင်းဆတ် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပထမဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကား ပြောကြားပြီး၊ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က နားလည်မှုစာချွန်လွှာ (MoU) စာချုပ်လက်မှတ်ရေးထိုးမည့် စာချုပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် စာချုပ်ချုပ်ဆိုမည့် ဆန်းတက်ပါဝါကုမ္ပဏီလီမိတက် (Suntac Power Co.,Ltd) မန်နေဂျင်းဒါရိုက်တာဦးတင်မြင့်က လုပ်ငန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ နားလည်မှုစာချွန်လွှာ (MoU) စာချုပ်လက်မှတ်ရေးထိုးရာ ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်တို့နှင့်အတူ ဆန်းတက်ပါဝါကုမ္ပဏီလီမိတက် (Suntac Power Co.,Ltd) မန်နေဂျင်းဒါရိုက်တာ ဦးတင်မြင့်နှင့် အဖွဲ့တို့က အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ကြသည်။



အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆန်းတက်ပါဝါကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကရင်ပြည်နယ်နေ့တွင် ယှဉ်ပြိုင်ကြမည့် ဒိုးယိမ်းအဖွဲ့ ၂၃ ဖွဲ့ စတင်ယှဉ်ပြိုင်

**ဘားအံ နိုဝင်ဘာ ၁၂**

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့် ကရင်တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သော နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒိုးယိမ်းအကပြိုင်ပွဲကြီးကို နိုဝင်ဘာ ၁၀ ရက်၊ ညပိုင်းမှစတင်ကာ ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါ ဒိုးယိမ်းအကပြိုင်ပွဲကြီးတွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုယ်စားပြု ဒိုးယိမ်းအဖွဲ့ ၂၃ ဖွဲ့တွင် တက္ကသိုလ်ယဉ်ကျေးမှုစုပေါင်းဒိုးအဖွဲ့၊ ကရင်ကျောင်းသားများ ရိပ်သာမောင်မယ်ဒိုးအဖွဲ့၊ ကော့တာယဉ်ကျေးမှုဒိုးအဖွဲ့၊ ခလောက်နို့စုပေါင်းဒိုးအဖွဲ့၊ အိန္ဒူကျေးရွာမှုဒိုးအဖွဲ့၊ မုက္ကဒိယဉ်ကျေးမှုဒိုးအဖွဲ့၊ ကော့ပရံ-ကော့ကျိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဒိုးအဖွဲ့၊ ဖူးတခေတ် ယဉ်ကျေးမှုဒိုးအဖွဲ့(၁)နှင့် အဖွဲ့(၂)၊ ကြာအင်းကျေးရွာဒိုးအဖွဲ့၊ လှိုင်းဘွဲမြို့နယ် ကိုယ်စားပြုဒိုးအဖွဲ့၊ ကော့ပေါအင်းကျေးရွာဒိုးအဖွဲ့(၁)၊ မြဝတီကိုယ်စားပြုဒိုးအဖွဲ့၊ ကော့ကရိတ်မြို့နယ်ကိုယ်စားပြုဒိုးအဖွဲ့၊ ရွှေကုက္ကိုလ်မြိုင်ဒိုးအဖွဲ့(၂)ဖွဲ့၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကိုယ်စားပြုဒိုးအဖွဲ့၊ မြိုင်ကြီးငူဒိုးအဖွဲ့၊ ဖာပွန်မြို့နယ် ကိုယ်စားပြု ဒိုးအဖွဲ့၊ ဘားအံမြို့နယ် ဒုံရင်းကျေးရွာဒိုးအဖွဲ့ (၂၀)ဖွဲ့သည် အကြီးတန်းအဆင့် ဒိုးယိမ်းပြိုင်ပွဲတွင် ပါဝင်မည်ဖြစ်သည်။

ကမမောင်းစုပေါင်းဒိုးအဖွဲ့၊ ကော့ပေါကျေးရွာဒိုးအဖွဲ့(၂)နှင့် ကော့ဖလန်ကျေးရွာ ဘုန်းတော်ကြီးသင်ကျောင်း ဒိုးအဖွဲ့(၃)ဖွဲ့သည် ကလေးဒိုးယိမ်းပြိုင်ပွဲအဖြစ် နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာ ယှဉ်ပြိုင်သွားကြမှာဖြစ်ပြီး ဆုများအဖြစ် ဒိုးအကဘက်စုံဆု၊ ဒိုးအထူးဆု၊ ရာဇဓညာဆုတောင်းတေးသီချင်းဆု၊ ဒိုးတေးသီချင်းဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်ဒိုးအအဖွဲ့များ ဒိုးယိမ်းအကယှဉ်ပြိုင်နေစဉ်အတွင်း နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော အကြီးတန်းဒိုးယိမ်းအဖွဲ့ ၂၀ အတွက် ကျပ်ငါးသိန်းစီ၊ ကလေးဒိုးယိမ်းအဖွဲ့ သုံးဖွဲ့အတွက် ကျပ်သုံးသိန်းစီနှင့် ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူး၊ ရေသန့်များကို ကရင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်က ပေးအပ်ရာ ဒိုးယိမ်းအဖွဲ့ခေါင်းဆောင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လုပ်ကိုင်

**မြိုင် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအုပ်စု မကျီးချိုကျေးရွာ၌ မြစိမ်းရောင် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လုပ်ကိုင်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးတို့ဖြင့် အောင်မြင်ဖြစ်ထွန်းနေမှုလုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသန့်နှင့်အဖွဲ့ဝင်များက နိုဝင်ဘာ ၁၁ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ စီဖြင့် စီမံကိန်းဝင်ကျေးရွာများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မကျီးချိုကျေးရွာတွင် စိုက်ပျိုးရေး ၃၈ ဦး၊ မွေးမြူရေး ၄၁ ဦး ရောင်းဝယ်ရေး ၁၉ ဦး စုပေါင်း ၉၈ ဦးတို့က ဆောင်ရွက်ထားသည့် ဆိတ်၊ နွား၊ ဝက်၊ ကြက် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးထားသော ပဲစင်းငုံ၊ မြေပဲစိုက်ခင်းများအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မြိုင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ ၁၁ ရွာကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် လူနေမှုဘဝများ တိုးတက်မြင့်မားစေရန် ဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသန့်နှင့်အဖွဲ့သည် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအား စာရင်းဇယား ထိန်းသိမ်းထားရှိမှုတို့ကို စစ်ဆေးပြီး လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

## ကျောင်းဆောင်သစ်များဆောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေး

**စဥ့်ကိုင် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်(အသစ်) ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၁ ကျောင်းတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

စဥ့်ကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရာတွင် TMကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ သည်းတည်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်ကို အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ် ကျောင်းဆောင်သစ်ကိုလည်းကောင်း၊ စော်ရဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ကျောင်းဆောင်သစ်ကို အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ် ကျောင်းဆောင်သစ်ကိုလည်းကောင်း၊ ရှမ်းရွာကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်ကို အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်ကျောင်းဆောင်သစ်ကိုလည်းကောင်း၊ ကံသစ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ် ကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ အခြေခံကျောင်းများ၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရာတွင် စဥ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေဇင်ဝင်းနိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ လက်ထောက်ပညာရေးမှူး ဦးကျော်စိုင်းသူနှင့်အဖွဲ့သည် သတ်မှတ် စံချိန်စံညွှန်းနှင့် ပြည့်မီရေး နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့လကြောင်း သိရသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

ကြော်ငြာ







## အိတ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ Thilawa Property Development Ltd ၏ သန်လျင်/ကျောက်တန်းမြို့နယ်ရှိ အထူးစီးပွားရေးဇုန်အိမ်ရာစီမံကိန်း(Residential and Commercial Area)တွင် (၂)ခန်းတွဲ RC လူနေဈေးဆိုင်ခန်း တိုက်(၁၂)လုံးကို Phase (1) အနေဖြင့် ဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ပိတ်တင်ဒါခေါ်ယူလိုပါသည် -

(က) ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့် အထက်ရှိပြီး (၆)ထပ်နှင့်အထက်အဆောက်အအုံ ဆောက်လုပ်ဖူးသူ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းဝင်ထားသူဖြစ်ရပါမည်။

(ခ) အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လုပ်ကိုင်ခွင့်ရရှိသူဖြစ်ရပါမည်။

(ဂ) တင်ဒါတင်သွင်းသူသည် (၂)ခန်းတွဲ အဆောက်အအုံအများဆုံး (၆)လုံးအထိသာဆောက်လုပ်ခွင့် ရရှိနိုင်မည်ဖြစ်သည်။

(ဃ) တင်ဒါတင်သွင်းသူသည် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ အတွင်းပိုင်း ရေသန့်လုပ်ငန်း၊ အတွင်းပိုင်း လျှပ်စစ်လုပ်ငန်း၊ ရေမြောင်းလုပ်ငန်းနှင့် ဆေးသုတ်လုပ်ငန်းများ အပါအဝင် Design BQ ပါအတိုင်းဈေးနှုန်း တွက်ချက်၍ တင်သွင်းရပါမည်။

(င) လျှောက်လွှာတင်သွင်းရာတွင် တင်ဒါအာမခံစ ပေါ် ငွေအား(၂)ခန်းတွဲ RC လူနေဈေးဆိုင်ခန်းတိုက်(၆)လုံးအတွက် ကျပ်သိန်း (၁၀၀)ပေးသွင်းရပါမည်။ တင်ဒါအောင်မြင်ခြင်းမရှိပါက ပြန်လည်ထုတ်ပေးပါမည်။

၂။ တင်ဒါပုံစံဝယ်ယူချိန်၌တင်ဒါစည်းကမ်းနှင့်အတူ Detail Design နှင့် Scope of Work တို့ကိုပူးတွဲပေးအပ်မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့် နေ့မှာ၂၀၁၅ခုနှစ် နိုဝင်ဘာလ (၁၂) ရက်နေ့ဖြစ်ပြီး တင်ဒါပိတ်မည့်နေ့မှာ၂၀၁၅ခုနှစ် ဒီဇင်ဘာလ (၁၄) ရက်နေ့ဖြစ်ပါသည်။

၄။ တင်ဒါပုံစံတစ်စောင်လျှင် ကျပ်(၁၀၀,၀၀၀/-)ဖြင့် အောက်ပါလိပ်စာအတိုင်းရုံးချိန်အတွင်း လာရောက်စုံးစမ်းဝယ်ယူနိုင်ပါသည် -

- အခန်း ၁၀၃၊ ၁၁ လွှာ၊ အမှတ်(၂၉)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

  ဖုန်း- ၀၁-၂၃၀၁၇၇၂ ၊ ၂၃၀၁၇၇၃

  အီးမေးလ်- trc.pcoordinator@gmail.com

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်-၄၁ ရှိ ကျွန်ုပ်၏မိတ်ဆွေ ချမ်းမြန်မာကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းမြေ့ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ

ကျွန်ုပ်မိတ်ဆွေပိုင်ကုမ္ပဏီသည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များဖြင့် စားသုံးကုန်စည်အမျိုးပေါင်းများစွာကို ထိုင်းနိုင်ငံ၌ တရားဝင် မှတ်ပုံတင်ထုတ်လုပ်ဖြန့်ချိသောကုမ္ပဏီများမှ မြန်မာနိုင်ငံအတွက် တင်သွင်းဖြန့်ချိရောင်းချခွင့်ရ တစ်ဦးတည်းသော တရားဝင် ကိုယ်စားလှယ် ဖြစ်ပါသည်။ ထိုသို့ တင်သွင်းဖြန့်ချိလာခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ပြီလည်းဖြစ်ပါသည်။ ၎င်းတင်သွင်းသော စားသုံးကုန်စည်များအတွက် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီက ထိုင်းနိုင်ငံရှိ ပင်ရင်းကုန်စည်ထုတ်လုပ်ရာ ကုမ္ပဏီများနှင့် တရားဝင်စာချုပ်ချုပ်ဆို၍ မြန်မာနိုင်ငံတွင်းသို့ အဆိုပါကုန်စည် များအား တစ်ဦးတည်းကိုယ်စားလှယ်ရယူကာ တရားဝင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ထိုစားသုံးကုန်စည်တစ်ခုချင်းအပေါ်၌လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက စမ်းသပ်စစ်ဆေး၍ သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း ထောက်ခံချက်အရ ပြည်တွင်းသို့ တင်သွင်းဖြန့်ချိခွင့် ရရှိထားသည်လည်းဖြစ်ပါသည်။

သို့သော် ကုန်သည်အချို့တို့သည် အထက်ကုန်စည်အမှတ်တံဆိပ်ပါ စားသုံးကုန်စည်များကို ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်၍ မြန်မာနိုင်ငံအတွင်းသို့ မသမာသော နည်းလမ်းများဖြင့် တင်သွင်းဖြန့်ချိရောင်းချနေကြောင်း ဈေးကွက်များ၌ တွေ့မြင်နေရပါသည်။ ယင်းလုပ်ရပ်များသည် ဥပဒေမဲ့ဆောင်ရွက်ခြင်းဖြစ်၍ တရားမဝင်ပါ။ ထိုသို့ တင်သွင်းရောင်းချပိုင်ခွင့်လည်းမရှိပါ။

သို့ဖြစ်ပါ၍ အထက်ပါအမှတ်တံဆိပ်ပါစားသုံးကုန်စည်များကို တရားဝင်ရောင်းချလိုသူများသည် ကျွန်ုပ်၏မိတ်ဆွေ "ချမ်းမြန်မာကုမ္ပဏီ"နှင့် တိုက်ရိုက်ဆက်သွယ်မှာယူရောင်းချကြပါရန်နှင့် မြန်မာနိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းဖြန့်ချိရောင်းချခွင့်မရှိဘဲ မသမာသောနည်းဖြင့် တင်သွင်းဖြန့်ချိရောင်းချသူများကို တည်ဆဲဥပဒေနည်းလမ်းများအတိုင်း တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ချမ်းမြန်မာကုမ္ပဏီ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးအေးမြင့် **LL.B.,D.B.L**၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၅၂)
တိုက်-၉/၁၁၊ ၄-လွှာ၊ အခန်း(၅)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

NKO

ISO 9001:2008 Cert. No. 709811

နေကြယ်ဦးကုမ္ပဏီများအုပ်စု ၊ နေကြယ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် အရည်အသွေး ပြည့်ဝသော စီမံခန့်ခွဲမှုစနစ် (Quality Management System) အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်အင်္ဂလန်နိုင်ငံ UKAS အဖွဲ့အစည်းကြီးမှ ပေးအပ်သော ISO 9001:2008 Cert.No.709811 လက်မှတ်ကို ရရှိခဲ့ခြင်းအတွက် နေကြယ်ဦး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် နှင့်ထပ်တူ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည် ။

M.D ဇမ္ဗူကြယ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | Dar Family Co.,Ltd
M.D - Ruby Pump Industry | M.D - Future Pillar International Construction Co.,Ltd

## မင်္ဂလာပါတံခွန် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

သံဝေဇနိယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်

ခရီးစဉ်ထွက် [ ၈ ရက်ခရီး ] ဧပြီ ၁၁ — ဟိုတယ်(၂)ညအိပ်၊ညမောင်းခရီးစဉ်လုံးဝမရှိပါ

ခွာမည့်ရက် [ ၁၅ ရက်ခရီး ] နို ၁၆၊ ၂၉၊ ဒီဇင်ဘာ ၂ (ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲ)၊ ၁၆၊ ဇန် ၃၊ ၁၃၊ ဖေ ၁၊ ၁၀၊ ၂၂ မတ် ၂၊ ၁၆၊ ၂၃ ဧပြီ ၁၀။ **ခရီးစဉ်သေချာစေရန် စရန်ငွေ(၂)သိန်းကျပ်နှင့်(၂)လ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။**

ရန်ကုန် - အမှတ်(၆၉)၊ ပထမထပ်(ခ)၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေ။ ဖုန်း ၀၉-၂၁၅၀၉၉၂၊ ၀၉-၂၀၅၁၄၃၀။
မန္တလေး-ခ-၅/၂၀၊ ၄၁×၄၂ လမ်းကြား၊ ၆၆×၆၇ လမ်းကြား။ ဖုန်း ၀၉-၄၀၂၇၆၃၈၅၉၊ ၀၉-၄၄၄၀၂၉၆၉၈






apple®

Ginseng Silky Hair Coat

FDA မှ အာမခံ ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

အဖိုးတန်ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏အစွမ်းကြောင့် ဆံပင်နီခြင်း၊
ဆံပင်နစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန်စေပါသည်။
နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့
နက်မှောင်တောက်ပစေပါသည်။

Apple Production Co., Ltd.

အမှတ် (A/ ၂၉)၊ ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၈၁၃၉၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄၊ (၀၉) ၈၆ ၁၈၀၈၁ ၊ ၄၉ ၃၁၆၄၀၈

## ကား မျိုးစုံ

(Alphard/Crown/MarkII/အန်တတုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိုသာစွာဆောင်ရွက်ပေးလျက်ရှိပါသည်။

Ph: 09795549249, 095418126

## GOLDEN STAR Travels & Tours

- ပုဂံ (ရွှေစည်းခုံ)–ပုပ္ပါး–ပခုက္ကူ Nov-20,25
- မန္တလေး–ပြင်ဦးလွင်–စစ်ကိုင်း–မင်းကွန်း Nov-20,25
- တောင်ကြီး–အင်းလေး–ပင်းတယ–ကလော Nov-20,25

ကုမ္ပဏီအသင်းအဖွဲ့များအတွက် ခရီးစဉ်များကို အထူးနှုန်းဖြင့် စီစဉ်ပေးသည်။

Ph:01-703448, 209200, 544383, 09-5081580

## အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ ငွေဆောင်

Ph: 01 707062, 09 799100100
01 703790, 09 797100100



လူနေ၊ ရုံးခန်း
စီးပွားရေးလုပ်ငန်းများအတွက်

## ငှားမည်

ဗဟန်း၊ ကမာရွတ်၊ မရမ်းကုန်း- - -
ရန်ကုန်မြို့တွင် မြို့နယ်စုံ၊
လမ်းမတန်းနှင့် လမ်းသန့်၊
[မြေကွက်(သို့)အဆောက်အအုံပါ]
ဖုန်း-၀၉-၂၆၁၈၀၁၇၆၇၊
၀၉-၂၆၁၈၀၁၇၇၈

## ရွှေမြို့တော်

ချောင်းသာ (ကား/တည်း -ဖြစ်) ၃၅၀၀၀/ Nov - 27
တောင်ကြီးမီးပုံးပျံပွဲတော် (Nov -20,24,27)ထွက်မည်။

09-781076743, 09-2591.3195, 09-30795100

## ဝန်ထမ်းအလိုရှိသည်

မော်တာစက်ချုပ်ကျွမ်းကျင်
မ(၁၀)ဦး
အဆောင်စီစဉ်ပေးသည်။
Ph: 09-973633256,
09-781108491

## ဝန်ထမ်းအလိုရှိသည်

**"ပန်းသခင်"** အလှပြုပြင်ရေး (အမျိုးသမီးသီးသန့်)

ဆံပင်ညှပ်၊ ဖြောင့်၊ ကောက်ကျွမ်းကျင် မ (၂) ဦး
ခေါင်းလျှော်ကျွမ်းကျင် (Shampoo) မ (၃) ဦး
အလုပ်သင် (၁၈ နှစ်အောက်၊ နယ်ဦးစားပေး) မ (၂) ဦး

ရန်ကင်း၊ မင်းလမ်းရခိုင်မုန့်တီဆိုင်နှင့် မျက်နှာချင်းဆိုင်
အမှတ်-၄၆/B၊ နိဗ္ဗာန်ကျောင်းလမ်း၊ ဗဟန်းမြို့နယ်။(မင်းလမ်းမှတ်တိုင်)
Ph: 09-440007782, 09-257772566

## သင့်သွေးဖြင့်အသက်ကယ်ပါ

NKO

## ကျေးဇူးအထူးတင်ရှိခြင်း

GUARDIAN INDEPENDENT CERTIFICATION
UKAS QUALITY MANAGEMENT 045
ISO 9001:2008 Cert. No. 709811

နေကြယ်ဦးကုမ္ပဏီများအုပ်စု၊ နေကြယ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် အရည်အသွေးပြည့်ဝသော စီမံခန့်ခွဲမှုစနစ် (Quality Management System) အား အကောင်အထည်ဖော် ဆောင်ရွက်နိုင် ခဲ့ခြင်းကြောင့် အင်္ဂလန်နိုင်ငံ UKAS အဖွဲ့အစည်းကြီးမှ ပေးအပ်သော ISO 9001:2008 Cert.No.709811 လက်မှတ်ကို ရရှိခဲ့ပြီး ဖြစ်ပါ သည်။

အဆိုပါ ISO 9001:2008 Cert.No.709811 လက်မှတ်ရရှိရေး အတွက် အရည်အသွေး ပြည့်ဝသောစီမံခန့်ခွဲမှုစနစ် (Quality Management System) အား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြပါသောနေကြယ်ဦးကုမ္ပဏီများအုပ်စု၊ နေကြယ်ဦးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မှ Management Representative, Assistant Management Representative,Deputy Chief Engineers, Assistant Chief Auditor, Admin Managers, HR Managers, Procurement & Logistic Managers , Inventory Management & Supply Managers နှင့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်း များအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
နေကြယ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်


သုံးမျိုးပါဝင် အထူးအစီအစဉ်
အင်တာနက်၊ ပြည်တွင်းဖုန်းနံပါတ်အားလုံးကို အသုံးပြုနိုင်သည့် ဖုန်းခေါ်ဆိုမှုနှင့် SMS တို့ပါဝင်တဲ့ နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး 3 in 1 အစီအစဉ်များကို *150# သို့ ခေါ်ဆိုပြီး ရယူလိုက်ပါ။
ooredoo
နေ့စဉ်သုံး
၁၅ မိနစ် · 50MB
SMS ၁၀ စောင်
၅၀၀ကျပ်
*7070# ကိုခေါ်ဆိုပါ
အပတ်စဉ်သုံး
၈၀ မိနစ် · 300MB
SMS ၅၀ စောင်
၃,၀၀၀ကျပ်
*8080# ကိုခေါ်ဆိုပါ
လစဉ်သုံး
၂၅၀ မိနစ် · 1GB
SMS ၁၅၀ စောင်
၁၀,၀၀၀ကျပ်
*9090# ကိုခေါ်ဆိုပါ
3in1
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

ကြော်ငြာ

## မြစ်ကြီးနားအသင်း(ရန်ကုန်)၏ စုပေါင်းမဟာဘုံကထိန်နှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်သံဃာတော်အရှင်မြတ်တို့အား ကထိန်သင်္ကန်းနှင့်တကွ အခြံအရံလှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်းနှင့် (၂၄)ကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ၂၁-၁၁-၂၀၁၅ရက်၊ (စနေနေ့) နံနက် ၉း၀၀နာရီတွင် ကျောက်စိမ်းတွင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများနှင့် ရန်ကုန်ရောက် ကချင်ပြည်နယ်သူ/သားများ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(ပြည်နယ်ထမင်းဟင်းလျာဖြင့် ဧည့်ခံပါမည်။)

အလှူငွေထည့်ဝင်လှူဒါန်းလိုသူများ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) | ဦးစောနွံ့သန်းစိန် | ဖုန်း - ၃၇၅၄၂၁၊ ၀၉-၅၀၉၉၁၁၆၆ |
| (၂) | ဒေါ်ဘေဘီ | ဖုန်း -၅၇၇၈၁၂၊ ၀၉-၅၁၇၃၃၇၈ |
| (၃) | ဦးတင်မောင်ဝင်း | ဖုန်း -၃၈၃၀၃၁၊ ၀၉-၅၄၀၇၄၆၂ |
| (၄) | ဒေါ်တင်တင်ညွန့် | ဖုန်း -၅၅၅၅၂၉၊ ၀၉-၄၅၀၀၂၂၀၈၀ |
| (၅) | ဒေါ်ခင်မကြီး | ဖုန်း -၃၇၁၁၉၇ |
| (၆) | ဒေါက်တာအေးအေးစူး | ဖုန်း -၃၉၂၈၈၅ |
| (၇) | ဒေါက်တာခင်ညိုညို | ဖုန်း -၀၉-၂၅၂၄၁၈၆၉ |
| (၈) | ဒေါ်ကြည်ကြည်ဆွေ | ဖုန်း -၀၉-၅၁၆၆၂၄၈ |
| (၉) | ဒေါ်ညိုမာသွယ် | ဖုန်း -၀၉-၅၀၂၁၈၁၅ |
| (၁၀) | ဒေါ်နုနုယဉ် | ဖုန်း -၀၉-၃၀၁၉၁၉၈၉ |
| (၁၁) | ဒေါ်ကြည်ကြည်နိုင် | ဖုန်း -၀၉-၃၃၂၁၅၃၄၃ |
| (၁၂) | ဒေါ်စန်းစန်းမြင့် | ဖုန်း -၀၉-၄၂၁၁၈၀၀၂၂ |

အမှုဆောင်အဖွဲ့























## ငှားရန်/ရောင်းရန်

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ City Mart အနောက်ဘက်လမ်း၊ မြဝတီလမ်းရှိ ကွန်ဒိုအခန်းကျယ်(18' x 70')ခေတ်လေ့ကားပါ၊ နိုင်ငံခြားသားအကြိုက်နှင့် ဗားဂရာလမ်းနှင့် ဗိုလ်မိုးလမ်းထောင့်ရှိ ၆-လွှာ၊ ပေ(၃၀×၃၀)-အခန်းကျယ်၊ စိတ်ကြိုက်ပြုပြင်ပြီးအခန်း။ ဖုန်း-၀၉-၂၅၃၉၆၈၅၈၀၊ ၀၉-၇၉၂၄၈၂၀၄၁

**Harvey Handbags Company Limited**

| | | | |
|---|---|---|---|
| **1. Interpreter** | **M/F** | **Burmese/Chinese** | **(3)Posts** |
| စကားပြန် | ကျား/မ | မြန်မာ/တရုတ်စကားကျွမ်းကျင် | (၃)ဦး |
| **2. Interpreter** | **M/F** | **Burmese/English** | **(3)Posts** |
| စကားပြန် | ကျား/မ | မြန်မာ/အင်္ဂလိပ်စကားကျွမ်းကျင် | (၃)ဦး |
| **3. Accountant** | **M/F** | **Burmese** | **(2)Posts W/LCCI** |

(Eng : Speaking and exp . In Foreigner company is and advantage)

အင်္ဂလိပ်စကားပြောကျွမ်းကျင်သူ နိုင်ငံခြားသားကုမ္ပဏီတွင် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**4. H.R Administrator** **Burmese** **(2)Posts**

To start your Career :

No.(20), Plot No. K-1(A)&K-1(B), Anawrahta Industrial Zone, Hlaing Tharyar Township, Yangon Region.

09-963415111/ 09-973875139, Wechat : jeffatmyanmar,
Email : hr@harveyhandbags.com

NEW MOTION TRAVELS & TOURS

ဟောင်ကောင် - Nov 25,Dec 30
ဝန်ကောက် - Nov 26,Dec 28,29
စီယက်နမ် - Nov 26,Dec 27
ရှင်ဘိုင်း - Nov 26,Dec 28
မွေဆက် - Dec 29
ဂျပန် - Dec 26
စင်ကာပူ - Dec 31
စင်း-မလေး - Dec 27,28
ကိုရီးယား - Nov 25,Dec 23
ထိုင်း - Dec 19
အင်္ဂလန် - Dec 19
အမေရိကား - Dec 11
ဩစတေးလျ - Dec 19

Contact Us
01508124
01523253
0973148933
-44-55-66

အမှတ်(၁၅)ပထမထပ်၊ကျွန်းတောလမ်း၊စမ်းချောင်း။
Escape From Everyday Life

ဗုဒ္ဓဂယာခရီးစဉ်
ခရီးစဉ်တစ်လျှောက်လုံး ထည်းခိုစားသောက်မှုအတွက် အဆင့်မြင့်ဟိုတယ်များတွင်သာ စီစဉ်ထားပါသည်။

ရှည် ဂူဘုရားဖူးခရီးစဉ်များ
နိုဝင်ဘာ-၂၁
ဒီဇင်ဘာ-၅၊၂၆
ဖေဖော်ဝါရီ-၁၃၊၂၆
မတ်-၁၉
ဧပြီ-၁၁

ရှည် ဂူဘုရားဖူးခရီးစဉ်များ
ဒီဇင်ဘာ-၁၆
ဖေဖော်ဝါရီ-၁၃
မတ်-၉

Hotline
09260792886
0973117724

**သမဂါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းဖွင့်လှစ်သော Business Management Higher Diploma (အမှတ်စဉ် -၄) သင်တန်းအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို ဒီဇင်ဘာ (၁၂)ရက် နေ့တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

1. Business Management Higher Diploma
2. Business Management Advanced Diploma

(၁) Business Management Higher Diploma သင်တန်းများကို အသက်၁၆နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
(၂) သင်တန်းများကို အပတ်စဉ် စနေ နှင့် တနင်္ဂနွေနေ့များတွင် တက်ရောက်ရမည်ဖြစ်ပါသည်။ ဖြေဆို အောင်မြင်ပြီးပါက သမဂါယမတက္ကသိုလ် (သန်လျင်) နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကို ရရှိမည်ဖြစ်ပါသည်။
(၃) ၎င်း Diploma သင်တန်းများ အောင်မြင်ပြီးဆုံးပါက UK နိုင်ငံမှ ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု ABE Diploma စာမေးပွဲများကို ဆက်လက်ဖြေဆိုနိုင်ပါသည်။
(၄) ထူးချွန်စွာအောင်မြင်သူများကို On Job Training (OJT) နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ကိုလည်း တာဝန်ယူရှာဖွေပေးသွားပါမည်။

ပညာအရည်အချင်း အထောက်အထားမူရင်းနှင့် မိတ္တူ(၂)စုံ၊ ဓါတ်ပုံ (၃)ပုံ တို့နှင့်တကွ (၁.၁၁.၂၀၁၅) မှ စတင်၍ WISE College တွင် စာရင်းပေးသွင်း အပ်နှံနိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။
ဖုန်းနံပါတ် – ၀၉ ၂၅၃ ၅၂၈ ၅၂၁၊ ၀၉ ၂၅၃ ၅၂၈ ၅၂၀

"We are not selling Education"

**USA College Seminar**

USA ထိပ်တန်းတက္ကသိုလ်များတွင် အချိန်တိုအတွင်း ဘွဲ့ယူနိုင်မည့် အခွင့်အလမ်းများနှင့် ပညာသင်ဆု ရရှိခွင့်များအကြောင်း ဟောပြောဆွေးနွေးမည်ဖြစ်၍
◆ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ ◆ အောင်မြင်ပြီးသူများ
◆ တက္ကသိုလ်ကျောင်းသူ / သားများနှင့် ◆ ဒီပလိုမာဝင်တန်းသူများ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

Lucky Draw
Win Prize
iPad Mini & More

In Science, Engineering, IT, Business, MBA, Finance, Marketing & Many More!

မြန်မာနိုင်ငံတွင် (၁၀)တန်းအောင်မြင်ပြီးနောက်
USA ထိပ်တန်းတက္ကသိုလ်များတွင်
✔ မိမိနှစ်သက်ရာဘာသာကိုတက်ရောက်သင်ကြားနိုင်ခြင်း
✔ ဈေးနှုန်းသက်သာခြင်း
✔ (၄)နှစ်အတွင်းဘွဲ့ရယူနိုင်ခြင်း အစရှိသောအခွင့်အလမ်းများရှိပါသည်။

California ရှိတက္ကသိုလ်မှ San Mateo, Canada & Skyline Colleges Vice Chancellor & Study California President Dr. Jing Luan တို့နှင့် တိုက်ရိုက်တွေ့ဆုံ မေးမြန်းနိုင်သည့် အခွင့်အရေး

မြန်မာနိုင်ငံတွင် ဂျပန်ဘာသာစကား N5 Level (၃)လ နှင့် N4 Level (၃) လ ... Full Time Job ရရှိနိုင်ခြင်း အစရှိသော အခွင့်အလမ်းများ ရှိပါသည်။

AcademicTelesis
academictelesis.com
Date: Nov 14, 2 pm
Yangon International Hotel
No.330, Ahlone Rd, Corner of Ahlone & Pyay Rd.
CITY COLLEGE
Register early, seats limited 09-263 105 249, 09-79 53 67475, 09-73205503
No. 34,3rd(B) Fl, Mapo St, Myaynigone, Sanchaung Tsp, Yangon.



အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှဖြစ်မယ်

Sat & Sun Nov 14

# ဂုဏ်ထူးဦးအောင်ခိုင်

Basic English Speaking

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အလုပ်ဝင်လိုသူ နှင့် ကုမ္ပဏီ၊ ဘဏ် ဝန်ထမ်းများအတွက် ဖွင့်ပါပြီ။

ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Certificate in Travel & Tourism
City College of San Francisco

မြန်မာပြည်မှာ ပထမဆုံး အသံထွက် Essays & Letters အင်္ဂလိပ်စာ အရေးအသား တိုးတက်ဖို့ Basic Grammar

ထွက်ပြီ

၈-တန်း၊ ၉-တန်း၊ ၁၀-တန်း သင်ရိုးကုန် အဖြေစုံ စာအုပ်များ

၂၇၂ ပန်းဆိုးတန်းလမ်း၊ (အထက်)။ 01 252 919, 09 3126 9756

## 3rd Batch of Applied Management Group Certificate Course @ WISE College

လူသိများအောင်မြင်လျက်ရှိသော WISE College ၏ Applied Management Group Certificate Course အား တတိယအသုတ်အဖြစ် ၂၃.၁၁.၂၀၁၅ ရက်နေ့တွင် ထပ်မံ ဖွင့်လှစ်သွားပါမည်။

Management Certificate Course Subjects များမှာ -

1. Certificate in Business Management
2. Certificate in Marketing Management
3. Certificate in Human Resources Management
4. Certificate in Customer Services for Business Management
5. Certificate in Business Communication

10% Discount for Early Birds Enrollment

သင်တန်းကာလမှာ တစ်ပတ်လျှင် ၅ ရက်ဖြင့် (၃)လကြာမြင့်မည်ဖြစ်ပြီး တနင်္လာမှ သောကြာနေ့အထိ ညနေ (၅း၃၀)နာရီမှ (၇း၃၀)နာရီအထိ သင်ကြားပေးပါမည်။ နိုင်ငံတကာအတွေ့အကြုံရှိသော အရည်အသွေးပြည့်ဝသည့် ဂါရင် ဆရာ/ဆရာမကြီးများမှ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးအောင်မြင်သူများသည် သက်ဆိုင်ရာ Certificate (၅)စုနှင့်အတူ Group Certificate (၁)စုအား ထပ်မံရရှိပါမည်။ International Management / Local Management Diploma Course များသို့ သင်တန်းကြေးအထူးနှုန်းများဖြင့်ဆက်လက်တက်ရောက်နိုင်ရန်လည်း စီစဉ်ထားပါသည်။သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ကျောင်းစတင်အပ်နှံရန် လက်ခံနေပါပြီ။

WISE College, No.1009 (A & B), 10th Floor, Yuzana Tower, Shwe Gone Dine, Bahan Tsp.
Ph : 09-253 528 520, 09-253 528 521

## POPULAR STAR TRAVEL & SERVICES

ဗုဒ္ဓဂယာ ခရီးစဉ် → ဝရန်ဘသိန်း + Usd 750 နှင့်ညီမျှသောမြန်မာငွေ
(ခရေညွှန်ဘိတိ၊ ခေ့ရက် ခရီးစဉ်)
( 70,000 Ks Discount )

OCT 26 (ပြည့်), DEC (ပြည့်), JAN 18 (ပြည့်) , FEB 12 , MAR 25

ရန်ကုန်ရုံးချုပ် - အမှတ်(၇၄) ၊ နှင်းဆီလမ်း၊ ဆောက်ပြုဖွယ် ၊ ရန်ကုန်မြို့ ။ Ph: 01 2301866, 09 5129134, 09 786516570

Earn A World Recognised

# MBA

From One of Malaysia's Top University in Myanmar

YCTC Business Institute



Management & Science University (MSU) Malaysia
(နှစ်သက်ရာ အထူးပြုဘာသာရပ်များ ရွေးချယ်နိုင်ရန်အတွက်)

Specialisation in

- Global Marketing
- Organisational Leadership
- Finance
- Health Care Management

Installment Available

Enroll Before : 30 November , 2015
Program Start on : December , 2015

UK, Germany, Japan မှ Dual MBA ရယူနိုင်ပါသည်။

အမှတ်(၂၄)၊ ယောမင်းကြီးလမ်း (Park Royal Hotel)အနီး။
Tel : (09) 420 163 316, (09) 254 269 644, www.yctcinstitute.com

# SAMSUNG Galaxy J2

NEW

8 ဆပိုမိ လှပဖို့ J2 နဲ့ Selfie ရိုက်ကြစို့...




MPT FREE DATA PACKAGE

MPT SIM CARD

အခမဲ့ + 777 MB DATA လစဉ် x 6 လ
(လစဉ် ၁,၀၀၀ ကျပ်ဖြည့်သွင်းရုံဖြင့်)

သတ်မှတ်ကာလ - ၁၉ အောက်တိုဘာ ၂၀၁၅ မှ - ၁၈ ဇန်နဝါရီ ၂၀၁၆

ဆောင်ရောင်းချဖြီးလက်ဆောင်



လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်။

www.facebook.com/samsungmobilemyanmar
အနီးပြီးအနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

SAMSUNG

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မာရှိုးလျင် (လားရှိုး)**

**အသက် (၁၀၈)နှစ်**

ဦးရန်ဟော်-ဒေါ်ခင်ခင်ထက် (**Mottama Holdings Ltd**) တို့၏ မိခင် ဒေါ်မာရှိုးလျင်(လားရှိုး) အသက်(၁၀၈)နှစ်သည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြည်လွင်-ဒေါ်သီသီဆန်း

**(TUN MYAT THU Int'L Ltd)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတျိုဟွာမင်း(ခ)ဦးလှမင်း အသက် (၉၈) နှစ်**

သူငယ်ချင်း ဦးခင်အောင်+ဒေါ်စုစုလှိုင်တို့၏ဖခင်ဖြစ်သူ **ဦးတျိုဟွာမင်း(ခ)ဦးလှမင်း** သည် ၆.၁၁.၂၀၁၅ သောကြာနေ့နံနက်(၇း၃၀) နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

၈၄ ရူပဗေဒမိသားစုစောင့်ရှောက်မှုအဖွဲ့

(၁၉၈၄ ရူပဗေဒကျောင်းသား/ကျောင်းသူများ)

(gmail: yuphysics84@gmail.com)

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့ (၆၁၅/ဒီ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ (မေ့ဆေး ဆရာဝန်ကြီး ဒေါက်တာဒေါ်သံဒါဖြူ)၏ခင်ပွန်း၊ ဦးအောင်ခိုင်-ဒေါ်ခင်စောဝေ၊ ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည် (Fortune Int'l Ltd)၊ ဒေါက်တာသန်းဝင်း-ဒေါ်တင်တင်အေး (Concordia Int'l Ltd.)၊ ဦးစောထွေးဇော်-ဒေါ်သက်သက်တင် (S&A Co., Ltd.)တို့၏ဖခင် ဒေါက်တာဦးဇော်ဝင်း အသက် (၈၆)နှစ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**Fortune Int'l Ltd.**

**မန္တလေးရုံးခွဲမှ ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့ (၆၁၅/ဒီ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ (မေ့ဆေး ဆရာဝန်ကြီး ဒေါက်တာဒေါ်သံဒါဖြူ)၏ခင်ပွန်း၊ ဦးအောင်ခိုင်-ဒေါ်ခင်စောဝေ၊ ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည် (Fortune Int'l Ltd)၊ ဒေါက်တာသန်းဝင်း-ဒေါ် တင်တင်အေး (Concordia Int'l Ltd.)၊ ဦးစောထွေးဇော်-ဒေါ်သက်သက်တင် (S&A Co., Ltd.)တို့၏ဖခင် ဒေါက်တာဦးဇော်ဝင်း အသက် (၈၆)နှစ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဦးအောင်ခိုင်သန်း-ဒေါ်သွယ်သွယ်ဦး**

**ရွှေရတနာမိသားစု၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းဇော်**

**အသက် (၇၀)**

**တရားရုံးချုပ် ညွှန်ကြားရေးမှူး (ငြိမ်း)**

အောင်ဆန်း(၇)မှ သူငယ်ချင်း ဦးဝင်းဇော် အသက် (၇၀)သည် ၁၀-၁၁-၂၀၁၅ (အင်္ဂါနေ့) ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှဝင်း-ဒေါ်နှင်းရီ**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**

## ဝမ်းနည်းကြေကွဲခြင်း

**အကယ်ဒမီဒေါ်တင်တင်နွဲ့**

**အသက်(၇၁)နှစ်**

ဦးသက်ထွန်း(တရားရုံးချုပ်တရားသူကြီး)(ငြိမ်း)၏ဇနီး ဒေါ်တင်တင်နွဲ့သည် ၁၀-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

**အကယ်ဒမီဒေါ်တင်တင်နွဲ့**

**အသက်(၇၁)နှစ်**

ဦးသက်ထွန်း(တရားရုံးချုပ်တရားသူကြီး)(ငြိမ်း)၏ဇနီး ဒေါ်တင်တင်နွဲ့ သည် ၁၀-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် နှင့်**

**တရားသူကြီးများ၊ တရားရေးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**အကယ်ဒမီဒေါ်တင်တင်နွဲ့**

**အသက်(၇၁)နှစ်**

ဦးသက်ထွန်း(တရားရုံးချုပ်တရားသူကြီး)(ငြိမ်း)၏ဇနီး ဒေါ်တင်တင်နွဲ့သည် ၁၀-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်**

**တရားသူကြီးများ၊ တရားရေးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တံခွန်တိုင်ဒါယိကာမကြီး**

**အကယ်ဒမီဒေါ်တင်တင်နွဲ့**

**အသက် (၇၁)နှစ်**

ဦးသက်ထွန်း (တရားရုံးချုပ်)၏ဇနီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သက်ကြီးပညာရှင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေါ်တင်တင်နွဲ့ အသက် (၇၁)နှစ်သည် ၁၀-၁၁-၂၀၁၅ ရက် နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးညွန့်လွင်**

**အသက် (၅၅)နှစ်**

**မြို့နယ်ကျန်းမာရေးမှူး၊ သရက်ခရိုင်ဆေးရုံ**

**အပတ်စဉ်(၁၆)၊ အောင်ဆန်းကျန်းမာရေးမှူး သင်တန်းကျောင်း**

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ တောင်ပိုင်းရပ်ကွက်၊ ကံဦးလမ်းနေ (ဦးမောင်ငွေ-ဒေါ်တင်)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ ဦးကြီးမြင့် (အထက်တန်းရှေ့နေ)-ဒေါ်လှကြည်တို့၏ သားသမက်၊ ဒေါ်သင်းသင်းမော် (အထက်တန်းပြ၊ အထက ပေါင်းတလည်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၁-၂၀၁၅(အင်္ဂါနေ့) နံနက်၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်/ရွှေတောင်ကောလိပ်မှ**

**သူငယ်ချင်းဟောင်းများ**

**ဖခင် အမည်မှန်**

ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ ဒေါ်ငြိမ်း ကျေးရွာ အထက၊ ဒသမတန်းမှ မောင်ချစ်စံ၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း [၁၄/ဖပန (နိုင်) ၀၄၉၁၄၀]ဖြစ်ပါသည်။

**ဦးတင်ဝင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြင့် အသက် (၉၁) နှစ်**

သူငယ်ချင်း ဦးဆန်းနွယ်ဝင်း(ညွှန်ကြားရေးမှူး)+ဒေါ်ခင်ဝင်းမြင့်တို့၏မိခင်ဖြစ်သူ ဒေါ်ခင်မြင့် သည် ၁၃.၁၀.၂၀၁၅အင်္ဂါနေ့ ညနေ (၆း၃၀) နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

၈၄ ရူပဗေဒမိသားစုစောင့်ရှောက်မှုအဖွဲ့

(၁၉၈၄ ရူပဗေဒကျောင်းသား/ကျောင်းသူများ)

(gmail: yuphysics84@gmail.com)

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့ (၆၁၅/ဒီ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ (မေ့ဆေး ဆရာဝန်ကြီး ဒေါက်တာဒေါ်သံဒါဖြူ)၏ခင်ပွန်း၊ ဦးအောင်ခိုင်-ဒေါ်ခင်စောဝေ၊ ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည် (Fortune Int'l Ltd)၊ ဒေါက်တာသန်းဝင်း-ဒေါ် တင်တင်အေး (Concordia Int'l Ltd.)၊ ဦးစောထွေးဇော်-ဒေါ်သက်သက်တင် (S&A Co., Ltd.)တို့၏ဖခင် ဒေါက်တာဦးဇော်ဝင်း အသက် (၈၆)နှစ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**မန္တလေးဒေသကောလိပ် First Batch မှ**

**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**အကယ်ဒမီဒေါ်တင်တင်နွဲ့**

**အသက်(၇၁)နှစ်**

လေးစားရပါသော

ဆရာဦးသက်ထွန်း (အငြိမ်းစားတရားရုံးချုပ်တရားသူကြီး) ၏ ချစ်လှစွာသောဇနီး မမနွဲ့ ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ဆရာ့မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမြင့်ကျော်(ချင်းပြည်နယ်တရားသူကြီးချုပ်)နှင့်ဇနီး**

**ဒေါ်ခင်သန်းနွဲ့ မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**အကယ်ဒမီဒေါ်တင်တင်နွဲ့**

**အသက် (၇၁)နှစ်**

ဆရာဦးသက်ထွန်း (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၏ ချစ်လှစွာသော ဇနီး အကယ်ဒမီဒေါ်တင်တင်နွဲ့သည် ၁၀-၁၁-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**တရားလွှတ်တော်တရားသူကြီးချုပ်နှင့်**

**တရားလွှတ်တော်တရားသူကြီးများ**

**တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် ခရိုင်မြို့နယ်အတွင်းရှိ**

**တရားရေးအရာရှိမိသားစုများ**

**ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**အကယ်ဒမီ ဒေါ်တင်တင်နွဲ့**

**အသက်(၇၁)နှစ်**

လေးစားရပါသော ဆရာ ဦးသက်ထွန်း(တရားရုံးချုပ်တရားသူကြီး၊ငြိမ်း)၏ ဇနီး ဒေါ်တင်တင်နွဲ့ အသက် (၇၁)နှစ်သည် ၁၀-၁၁-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ဆရာတို့ မိသားစုနှင့်အတူ အထူး ဝမ်းနည်းကြေကွဲရ ပါသည်။

**ဦးလှဝင်း-ဒေါ်နှင်းရီ**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာသာအောင် [ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)] ကွယ်လွန်ကြောင်းသိရပါသဖြင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရောဂါဗေဒအဖွဲ့**

**မြန်မာနိုင်ငံဆရာဝန်အသင်း**

# အထူးကျေးဇူးတင်ရှိပါကြောင်း

## ဦးဇင်မင်းထူး(ဗိုလ်ကြီး-ငြိမ်း)

**ကြည်း/၂၃၀၂၇(တေဇ-၁၈) MD- မြင့်မိုရ်ရွှေတောင်ကုမ္ပဏီလီမိတက်**

**အသက်(၄၆)နှစ်**

၅-၁၁-၂၀၁၅ရက် နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားခဲ့သော ဦးဇင်မင်းထူး ဆေးရုံတက်ရောက်ကုသမှု ခံယူနေစဉ်အတွင်း ဂရုတစိုက် ကုသ၊ ပြုစု၊ စောင့်ရှောက်မှုပေးကြသော ပင်လုံဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် ဆေးရုံဝန်ထမ်းများ၊ အဘက်ဘက်မှ ဖေးမဝိုင်းဝန်းကူညီကြသော တေဇ(၁၈)သူငယ်ချင်းမိသားစုများ၊ မြင့်မိုရ်ရွှေတောင် ကုမ္ပဏီလီမိတက်မှ မိသားစုနှင့် သားတပည့်များ၊ နှစ်သိမ့်အားပေးကူညီသော အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်နှင့် မိုးထိ၊ မိုးမိ ရွှေတောင်ကြီး ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးအဖွဲ့၊ ရပ်ဝေး၊ ရပ်နီးမှ အပင်ပန်းခံ၍ လာရောက်ကြသော သူငယ်ချင်း၊ ဆွေမျိုး၊ မိတ်ဆွေများအားလည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ လူမှုဆက်သွယ်ရေး စာမျက်နှာများမှလည်းကောင်း အားပေးနှစ်သိမ့်ကြသူများအားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**ဇနီး-ဒေါ်မနန်းလု**

**သမီးများ-မခွာညိုထူး၊ မဇွန်ပွင့်ထူး၊ မစန္ဒကူးထူး**

# မြန်မာနိုင်ငံသား ရေလုပ်သား ၄၂ ဦး အင်ဒိုနီးရှားနိုင်ငံ တရင်းပါးကျွန်းမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

အင်ဒိုနီးရှားနိုင်ငံ တရင်းပါးကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၄၂ ဦးတို့သည် ယနေ့ ညနေ ၃ နာရီခန့်က မလေးရှားလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

"အခုပြန်ရောက်လာတဲ့သူတွေက လုပ်ခလစာမရခဲ့ဘူးလို့သိရတယ်။ လုပ်ခလစာအတွက်ကိုလည်း သက်ဆိုင်ရာက သူတို့ကိုစစ်ဆေးမှုတွေလုပ်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ။ လူကုန်ကူးခံခဲ့ရခြင်း ရှိ/ မရှိကိုလည်း ကျွန်တော်တို့က စစ်ဆေးမှုတွေလုပ်မယ်။ ရှိခဲ့ရင်လည်း ဥပဒေအရ ဆောင်ရွက်ပေးသွားမှာပါ"ဟု အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ရဲမှူးရဲဝင်းအောင်က ပြောသည်။

ထို့အပြင် ပြန်လည်ရောက်ရှိလာသည့်ရေလုပ်သားများထဲမှ ကိုဝင်းနိုင်က "လုပ်ခလစာတွေ မရခဲ့ပါဘူး။ သက်ဆိုင်ရာကတော့ ဆောင်ရွက်ပေးမယ်လို့ သိရတယ်။ အခုပြန်ရောက်လာတဲ့ သူတွေအကုန်လုံးက လှေတစ်စင်းထဲမှာ အတူတူအလုပ်လုပ်ကြတဲ့သူတွေပါ။ ကိုယ့်လုပ်အားခတော့ ကိုယ်လိုချင်ပါတယ်။ သက်ဆိုင်ရာက ဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက်ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"အင်ဒိုနီးရှားအစိုးရက ငါးဖမ်းခွင့်ပိတ်လိုက်တဲ့အတွက် အခက်အခဲတွေ ကြုံခဲ့ရတယ်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❖

# (၅၁) လမ်း အိမ်ရာသစ်စီမံကိန်း အောင်မြင်စွာပြီးစီး မူလနေထိုင်သူ ၂၂၄ ဦးအား အိမ်ခန်းသော့ အပ်နှင်းမည်

ရန်ကုန် နိုဝင်ဘာ ၁၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အောင်မြင်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီ၊ မဟာနဝရတ်မြေမိသားစု ဆောက်လုပ်ရေးကုမ္ပဏီတို့မှ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၅၁) လမ်းအိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းအောင်မြင်စွာဆောက်လုပ်ပြီးစီးပြီဖြစ်၍ မူလနေထိုင်သူ ၂၂၄ ဦးအား အိမ်ခန်းသော့ အပ်နှင်းသည့်ပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မဟာနဝရတ်မြေမိသားစု ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးနိုင်ဝင်း၏ ပြောပြချက်အရ သိရသည်။**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

သတင်း-သီသီမင်း
ဓာတ်ပုံ-ခင်မောင်ဝင်း



(၅၁)လမ်းအိမ်ရာ အဆောက်အအုံသစ်အား တွေ့ရစဉ်။

## ယနေ့ မာတိကာ

မိတ္ထီလာကန်ကူးတံတား ဒုတိယနှစ်လမ်းသွား ငွေ ၆၀၀ ထပ်မံတိုးချဲ့ ၂၀၁၆ ဖေဖော်ဝါရီလအတွင်း ပြီးစီးအောင်တည်ဆောက်သွားမည်

စာမျက်နှာ - ၂

ပုဂံ-ညောင်ဦးမြို့ပေါ်တွင် ခရီးသွားရာသီချိန်၌ မြင်းလှည်းလုပ်ငန်း ပြန်လည်လုပ်ကိုင်သူများပြား

စာမျက်နှာ - ၁၅

ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် သီးနှံများ စိုက်ပျိုးချိန် နောက်ကျသော်လည်း အောင်မြင်ဖြစ်ထွန်း

စာမျက်နှာ - ၁၈

MYITTAR OO
Eye Hospital
20th Anniversary
၂၀ - နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ရဟန်းရှင်လူ မိဘပြည်သူများအား မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် မျက်စိကျန်းမာရေး စစ်ဆေးပေးခြင်း၊ မျက်မှန်ပါဝါစမ်းသပ်ပေးခြင်းတို့ကို ကုသိုလ်ဖြစ်အခမဲ့ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
နေ့စွဲ - ၂၀၁၅၊ နိုဝင်ဘာလ (၁၈) ရက် (ဗုဒ္ဓဟူးနေ့) နှင့် နိုဝင်ဘာ (၁၉) ရက် (ကြာသပတေးနေ့)
အချိန် - နံနက် ၉နာရီမှ ည ၇နာရီအထိ
နေရာ - မေတ္တာဦးဆေးရုံ၊ အမှတ် (၄၉၉)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၅၂၇၃၈၁၊ ၀၁-၅၃၄၂၈၁၊ ၀၉-၈၆၃၇၂၂၄
မျက်မှန် Up to 30%off
မျက်ကပ်မှန် 10% off
စမ်းသပ်ခ Free
Gifts

themirror.npt@gmail.com
www.facebook.com/themirrordaily